မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၄၆)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံ ဝင့်ထည်လွင့်ပျံ မြန်မာအမျိုးသမီးဘောလုံးအသင်းအောင်ပွဲခံ

မြန်မာနိုင်ငံပြီ ဒို့မြန်မာနိုင်ငံပြီ သီချင်းသံများဘဝဂ်ညံ တိုင်းရင်းသားပြည်သူတို့လက်ခုပ်သံ တက်ကြွအားမာန်

အောင်ပွဲရမြန်မာအမျိုးသမီးဘောလုံးအသင်း နိုင်ငံတော်အလံများ ကိုင်ဆောင်၍ ဤသို့ အောင်ပွဲခံခဲ့ကြသည်။ ဓာတ်ပုံမှတ်တမ်း– တင်စိုး(မြန်မာ့အလင်း)

သတင်းမြင်ကွင်း – ကိုထွေး

ဓာတ်ပုံမှတ်တမ်း

တင်စိုး၊ သိန်းဝင်းလေး (မြန်မာ့အလင်း)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မက္ကဆီကိုသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၁၆

၂၀၀၇ခုနှစ် စက်တင်ဘာ ၁၆ရက်တွင် ကျရောက်သော မက္ကဆီကို ပြည်ထောင်စု၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မက္ကဆီကိုနိုင်ငံ သမ္မတ မစ္စတာဖယ်လိပ်ပီ ကာလ်ဒါရွန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ခေတ္တ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၂၀၀၇ခုနှစ် စက်တင်ဘာ ၁၄ရက်တွင် ခန့်အပ်ခြင်းခံရသည့် မစ္စတာဗစ်တာ ဇူးဗ်ကော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ချန်ပီယံမြန်မာ ထိုင်းအမျိုးသမီးဘောလုံးအသင်းကို အနိုင်ယူဗိုလ်စွဲ

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံပြီ . . . ဒို့မြန်မာနိုင်ငံပြီ။

၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ၌ မြန်မာအမျိုးသမီးဘောလုံးအသင်းအနိုင်ရပြီး အာဆီယံ ချန်ပီယံဆုဖလားကြီးကို လက်ဝယ်ပိုင်ပိုင် ဆွတ်ခူးရရှိသွားလေပြီ။ မြန်မာပရိသတ်များ၏ တစ်ခဲနက်အားပေးမှုဖြင့် သုဝဏ္ဏ ဘောလုံးကွင်း ပွဲကြည့်စင်ပေါ်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံများဖုံးလွှမ်းကာ အနီရောင်ပင်လယ်ကြီးဖြစ်သွားသည်။ တီဗွီဖန်သားပြင်ပေါ်မှ တစ်ခဲနက် ရှုစားအားပေးနေကြသော မြန်မာတစ်နိုင်ငံလုံးမှ ပရိသတ်များ၏ရင်တွင်းဝယ် မြန်မာအမျိုးသမီးအသင်း၏ အောင်မြင်မှုလှိုင်းဂယက် ရိုက်ခတ်မြည်ဟီးကာ အပြုံးပန်းတို့လှိုင်ခဲ့ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အားကစားဝါသနာရှင်များ ဤသို့ တစ်ခဲနက်လာရောက်အားပေးခဲ့ကြသည်။ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်)

ရေထွက်ပစ္စည်းများ ပြည်ပတင်ပို့မှု မြှင့်တင်နိုင်ရေး အရည်အသွေးကောင်း ငါး၊ ပုစွန်များ တိုးချဲ့မွေးမြူ

ယနေ့ကာလတွင် အာဟာရတန်ဖိုးမြင့်မားပြီး ကျန်းမာရေးအတွက်အကျိုးပြုသော ငါး၊ ပုစွန်များကို စားသုံးသူများ တန်ဖိုးထား စားသုံးလာကြသည်။ အခြားသော သားငါးများထက် ချက်ပြုတ်ရန် လွယ်ကူပြီး စားသုံးသူများပြားသဖြင့် ဈေးကွက်ကျယ်ပြန့်စွာ ဖြစ်ထွန်းလျက် ရှိသည်။

မြန်မာနိုင်ငံ၌ ရေထွက်ပစ္စည်းများ ဖြစ်သည့် ငါး၊ပုစွန်များကို အဓိကအားဖြင့် တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မွေးမြူထုတ်လုပ်လျက်ရှိသည်။ အခြားသော ပြည်နယ်နှင့်တိုင်းများ၌လည်း ဆည်မြောင်း၊ ချောင်း၊ ကန်များ တည်ရှိမှုအပေါ်မူတည်၍ ငါးကန်များ၊ ပုစွန်ကန်များ ပြုလုပ်ကာ တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်မွေးမြူ ထုတ်လုပ်လာကြသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ငါး၊ပုစွန်များ တိုးချဲ့မွေးမြူရေး၊ ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူး ရောင်းချပြီး ပိုလျှံသည်များ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချရေး၊ မွေးမြူရေးလုပ်ငန်းရှင်များအား နည်းပညာအကူ အညီပေးရေးတို့ကို စီစဉ်ဖြည့်ဆည်းပေးလျက် ရှိသည်။

ထိုသို့ ရေချိုငါးပုစွန်မွေးမြူရေး လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လျက်ရှိသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ပင်လယ် ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက် ရှိသည်။

တနင်္သာရီတိုင်းသည် ရေထွက်ပစ္စည်း အများဆုံးထုတ်လုပ်သည့်တိုင်းဖြစ်သည်။ ငါး၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့်တို့မှာ ဈေးကွက်ဝယ်လိုအားရှိသော ရေထွက်ပစ္စည်းများဖြစ်သည်။

ယခုအခါ မွေးမြူရေးလုပ်ငန်းရှင်များက အထွက်နှုန်းကောင်းပြီး ကြီးထွားနှုန်းမြန်သော အရည်အသွေးကောင်းသည့် ငါး၊ပုစွန်များကို တိုးချဲ့မွေးမြူလာကြသည်။ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်း၊ တီလားပီးယား၊ ငါးမြစ်ချင်း၊ ကျောက်ပုစွန် တို့သည် ကြီးထွားနှုန်းကောင်း၍ စားသုံးရာ၌ အရသာနှင့် ပြည့်စုံသဖြင့် ဈေးကွက်ဝယ်လိုအား မြင့်မားလျက်ရှိသည်။

သို့ဖြစ်ရာ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ရေထွက်ပစ္စည်းများကို ပြည်တွင်းစားသုံးမှု ဖူလုံရုံမျှမက ပြည်ပဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေး အရည်အသွေးကောင်း ငါး၊ပုစွန်များ တိုးချဲ့ မွေးမြူကြရမည်ဖြစ်ပါကြောင်း တိုက်တွန်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ အား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၁၉၆၈ ခုနှစ်ဝင် ဥပဒေကျောင်းသားကျောင်းသူများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

၁၉၆၈ ပညာသင်နှစ် ရန်ကုန်ဝိဇ္ဇာ–သိပ္ပံတက္ကသိုလ်မှ ဥပဒေ ကျောင်းသား ကျောင်းသူများ၏ အဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို နိုဝင်ဘာ ၁၀ရက် (စနေနေ့)နံနက်၁၀နာရီတွင် တက္ကသိုလ်များဓမ္မာရုံကြီး၌ ကျင်းပမည် ဖြစ်သည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် ဓနဖြူ ဦးစိုးမြင့် ဖုန်း–၀၉–၅၁– ၅၀၄၁၈၊ ဦးမောင်မောင်၊ ဦးချစ်လှိုင် ဖုန်း–၅၆၄၄၈၇၊ ဦးဇော်သိန်းထွန်း ဖုန်း–၀၉–၅၀–၀၀၆၉၀၊ ဦးမောင်မောင်အုန်း ဖုန်း–၆၁၀၇၂၄၊ ဒေါ်ခင်လှမြင့် ဖုန်း–၀၉–၅၂–၀၂၉၃၉နှင့် ဒေါ်ခင်ဆွေရီ ဖုန်း–၃၉၄၂၆၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြဝတီ ရုပ်မြင်သံကြား

၁၆–၉–၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ညီနောင်သံယောဇဉ်**
၁၃း၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၃၅ ၅။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၇။ သံစဉ်များနှင့် ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၉။ နိုင်ငံတကာသတင်း
၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၄၀ ၁၁။ လျှပ်တစ်ပြက်
၆း၄၅ ၁၂။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ**(အပိုင်း–၂၂)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ **(၄၃)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့ ဂုဏ်ပြုအစီအစဉ် သုံးနာရီ သုံးဆယ့်ငါးမိနစ်** (အပိုင်း–၂) သူထူးစံ၊ ပပဝင်းခင် (ဒါရိုက်တာ–ရဲဝန်ထမ်းဟောင်း တစ်ဦး/ချောချစ်စံ)

ဒဂုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကို ဩဂုတ် ၂၇ရက်ကဘုရားကြီးရပ်ကွက်ရုံး၌ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်နုနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မုတ္တမ ကွန်ကရစ်ဇလီဖားစက်ရုံ တည်ဆောက်ရေးစီမံကိန်း စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးအောင်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်းသည် မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေ လိုက်ပါလျက် စက်တင်ဘာ ၉ရက် နံနက်ပိုင်းက သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်း မြေသားတာပေါင် ကြံ့ခိုင်မှုနှင့် ရထားလမ်းတံတားကြံ့ခိုင်မှု အခြေအနေများကို စစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မုတ္တမရပ်စခန်းဘူတာ အဆောက်အအုံနှင့် ရထားစီးခရီးသည်များအဆင် ပြေချောမွေ့စွာ သွားလာနိုင်မှု အခြေအနေတို့ကို စစ်ဆေး၍ လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မုတ္တမကွန်ကရစ်ဇလီဖား စက်ရုံ တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်း အင်ဂျင် နီယာ ဦးဌေးလှိုင်က စက်ရုံအဆောက် အအုံ အကွက်ချပုံစံအခြေအနေ၊ စက်ရုံ အဆောက်အအုံများ တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ တို့နှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြချက် အပေါ် ဒုတိယဝန်ကြီးက လိုအပ်သည် များ မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မုတ္တမကွန်ကရစ် ဇလီဖား စက်ရုံ တည်ဆောက်ရေး လုပ်ငန်းခွင် အတွင်း လိုက်လံကြည့်ရှု စစ်ဆေးပြီး **(အပေါ်ပုံ)**မြန်မာ့မီးရထားအတွက်အထူး လိုအပ် လျက်ရှိသော ကွန်ကရစ်ဇလီဖား များ အမြန်ထုတ်ယူနိုင်ရေးအတွက် ကွန် ကရစ် ဇလီဖားစက်ရုံတည်ဆောက်ရေး စီမံကိန်းကို စံချိန်စံညွှန်းနှင့်အညီ အမြန် ပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ လိုက်ပါလျက် ပေါင်မြို့နယ်အတွင်းရှိ မြန်မာ့မီးရထားပိုင် ဘန့်ဘွေးကုန်း ကျောက်မိုင်းသို့ သွားရောက်၍ မြန်မာ့ မီးရထား စီမံကိန်းလုပ်ငန်းများအတွက် လမ်းခင်းကျောက်များ ထုတ်လုပ် စုဆောင်း၊ ဖြန့်ဝေမှု အခြေအနေကို စစ်ဆေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

မှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဇင်းကျိုက်ဘူတာသို့ ရောက် ရှိပြီး ဘူတာယာဒ်ဝင်းအတွင်း လမ်းခင်း ကျောက်များ စုဆောင်းထားရှိမှု၊ တွဲတင် လုပ်ငန်းဆောင်ရွက်နေမှုနှင့် အရွယ် အစားမှန် လမ်းခင်းကျောက်များ ကြိတ် ခွဲနေမှုအခြေအနေများကို စစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဖေသန်းသည် စက်တင်ဘာ ၁၁ရက် တွင် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ လိုက်ပါလျက် RBE အထူးအမြန်ရထား ဖြင့် ဆတ်သွားကုန်းဘူတာမှ ဒိုက်ဦး ဘူတာအထိ စစ်တောင်း (မြစ်ကျိုး)– ဒိုက်ဦး ရထားလမ်းကို သွားရောက် စစ်ဆေး၍ ရထားလမ်း တာပေါင်ပြုပြင် ထိန်းသိမ်းရန် လိုအပ်ချက်များ မှာကြား ဖြည့်ဆည်းပေးခဲ့ကြောင်းသတင်းရရှိ သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်း မက္ကဆီကိုလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၁၆

၂၀၀၇ခုနှစ် စက်တင်ဘာ၁၆ရက်တွင်ကျရောက်သော မက္ကဆီကိုပြည်ထောင်စု၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ မက္ကဆီကိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး သံအမတ်ကြီး ပတ်ထရစ်ရှာအက်စ်ပီနိုစာ ကဲန်တယ်လ်လာနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

✳ ကျောဖုံးမှ

ရေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က တပ်ကုန်းနှင့် တောင်ညို တပ်နယ်များအတွင်း ဆင်းရွှေလီကြံ ဧက၃၀ ရှေ့ပြေးသုတေသန စံပြစိုက်ခင်းများဖြစ်ထွန်း အောင်မြင်လျက်ရှိသဖြင့် ကြံမျိုးသန့် မျိုးပွားများ ရယူစိုက်ပျိုးသွားမည့်အခြေအနေနှင့် တိုင်းစစ်ဌာနချုပ် နယ်မြေ၌ ယခင်နှစ်တွင် ကြံစိုက်ပျိုးပြီးစီးမှုနှင့် ယခုနှစ်တွင် စိုက်ဧက ၄၀၀၀၀လျာထားချက်အပေါ် ဧက ၃၀၀၀၀စိုက်ပျိုးနိုင်ရေးအတွက် ဆင်းရွှေလီ ကြံမျိုးများကို ရယူတိုးချဲ့ စိုက်ပျိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

သော့ချက် ၁၀ ချက်

ဆက်လက်၍ တောင်ညိုတပ်နယ်မှ ဗိုလ်မှူးကြီးတင်အောင်မြင့်က ဆင်းရွှေလီ စံပြသုတေသန စိုက်ခင်းဧက ၂၀၏ မြေအနေအထားကောင်းမွန်မှုနှင့်ရေရှိမှုအခြေအနေကြောင့် မူလရည်မှန်းချက်အထွက်နှုန်း တစ်ဧက တန်၅၀ထက် ပိုမိုကျော်လွန်မည့်အခြေအနေများကိုလည်းကောင်း၊ တပ်ကုန်းတပ်နယ်မှ ကြံစိုက်ခင်းကြီးကြပ်ရေး တာဝန်ခံ ဒုတိယဗိုလ်မှူးကြီးတင်ဝင်းက ရှေ့ပြေးသုတေသနစံပြ ၁၀ဧက စိုက်ခင်းမှ တိုးချဲ့စိုက်ပျိုးလျက်ရှိသော မျိုးသန့်မျိုးပွားဧက ၁၀၀စိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းနေမှုများကို လည်းကောင်း၊ မြန်မာ့ကြံသီးနှံလုပ်ငန်းနေပြည်တော်ပျဉ်းမနားခရိုင် မန်နေဂျာ ဦးဝင်းမောင်က ဆင်းရွှေလီကြံ၏ အားသာချက်များနှင့် စိုက်နည်းစနစ်၏ သော့ချက် ၁၀ချက်ကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

မျိုးကြံရယူ

ထို့နောက် သကြားစက်နှင့် ကြံစိုက်ပျိုးရေးစီမံကိန်း ဒါရိုက်တာ ဦးစံအေးလုက ဆင်းရွှေလီကြံမျိုးများ ရယူပြီးကျယ်ပြန့်စွာ စိုက်ပျိုးသွားမည့် အခြေအနေနှင့် လက်တွေ့စိုက်ပျိုးနည်းစနစ်များကိုပါ အကူအညီရယူလိုကြောင်းတင်ပြပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ အထွေထွေမန်နေဂျာ ဦးအောင်ကျော်ဦးနှင့်တာဝန်ရှိသူများက မျိုးကြံရယူစိုက်ပျိုးဆောင်ရွက်ကြမည့် လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ဆင်းရွှေလီကြံမျိုးရယူစိုက်ပျိုးကြမည့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် အခြေခံသော့ချက် ၁၀ချက်ပါရှိသည့် ဗီဒီယိုမှတ်တမ်းခွေများကို ပေးအပ်သည်။

ဒေသနှင့်ကိုက်ညီ

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်က ဒေသနှင့်ကိုက်ညီဖြစ်ထွန်း အောင်မြင်လျက်ရှိသည့် အထူး အထွက်နှုန်းကောင်းပြီး စီးပွားရေးအရ အထူးတွက်ခြေကိုက်သည့် ဆင်းရွှေလီကြံများကို အရှိန်အဟုန်မြှင့်တင် တိုးချဲ့စိုက်ပျိုးသွားနိုင်ရေးအတွက် အခြေခံလိုအပ်ချက်(၂)ရပ် ဖြစ်သည့် မျိုးကောင်းမျိုးသန့်များ အချိန်မီ စိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးပေးသွားမည့် အစီအစဉ်နှင့် သိပ္ပံနည်းကျခေတ်မီ စိုက်ပျိုးနည်းစနစ် သော့ချက် ၁၀ချက်ကို စိုက်ပျိုးရေးပညာပေးလုပ်ငန်းအဖြစ် စီးပွားဖြစ် စံပြစိုက်ခင်းကြီးများကို စိုက်ပျိုးပြသစည်းရုံး အကောင်အထည်ဖော် လုပ်ဆောင်သွားကြရမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ စိုက်နည်းစနစ် ကောင်းမွန် မှန်ကန်သကဲ့သို့ ဆည်မြောင်းဦးစီးဌာနအနေဖြင့်လည်း ရေရရှိရေးသည် အဓိကအရေးပါသဖြင့် ကူညီဆောင်ရွက်ပေးရေး၊ တောင်သူလယ်သမားများ၏ဘဝ တိုးတက်မြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေရေးအတွက် မျိုးကောင်းမျိုးသန့်နှင့် စိုက်နည်းစနစ်များပြောင်းလဲတိုးတက်မှုနှင့် အညီ ပညာပေးစည်းရုံးလုပ်ဆောင်မှုများကို စိုက်ပျိုးရေးဝန်ထမ်းများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး၊ တပ်ရင်း၊ တပ်ဖွဲ့များ အနေဖြင့်လည်း အနည်းဆုံး ၁၀ဧကကို စံပြနမူနာပြ စိုက်ခင်းများအဖြစ် ဦးစီးရှေ့ဆောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရေး၊ ဝန်ကြီးဌာနများ အနေဖြင့်လည်း ဧက၁၀၀၀မှ ၂၀၀၀ စိုက်ကွင်းများအဖြစ် ဖြစ်မြောက် အောင်မြင်အောင် ဆောင်ရွက်ကြရေးနှင့်ကြံမျိုးနှင့် စိုက်နည်းစနစ်များ ကူညီပံ့ပိုးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တိုင်းမှူးနှင့်အဖွဲ့သည် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့များမှ စိုက်ခင်းတာဝန်ခံများ၊ ကြံတောင်သူများနှင့်အတူ စံပြသုတေသန ၁၀ဧက စိုက်ခင်း၏အောင်မြင်ဖြစ်ထွန်းနေမှု၊ အဆိုပါ စိုက်ခင်းမှ ကြံမျိုးခုတ်ယူပြီး ပြန်လည်ရှင်သန် အောင်မြင်နေသော လမိုင်းစိုက်ခင်းနှင့် အသစ်ထပ်မံတိုးချဲ့ စိုက်ပျိုးလျက်ရှိသော ဧက၁၀၀စိုက်ခင်း အကောင်အထည်ဖော်ပြီးစီးမှုများကို ကြည့်ရှုအားပေးကြပြီး လုပ်ငန်းများ အစ၊ အလယ်၊ အဆုံး အောင်မြင်ရေးအတွက် စိုက်နည်းသော့ချက်၁၀ချက်ကို တိတိကျကျလိုက်နာဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြား၍ လုပ်ငန်းပါဝင်ဆောင်ရွက်နေကြသော စစ်သည် မိသားစုများအား စားသောက်ဖွယ်ရာနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆောင်ရွက်လျက်ရှိ

ယခုနှစ် စိုက်ပျိုးရာသီတွင် တပ်ကုန်း တပ်နယ်အတွင်း စံပြမျိုးသန့်မျိုးပွားကြံဧက၁၀၀စိုက်ခင်းနှင့် လမိုင်းစိုက်ခင်းများမှ ဆင်းရွှေလီကြံမျိုးသန့် တန်ချိန် ၅၅၀၀မှ၆၀၀၀အထိ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည့်အပြင် တောင်ညို တပ်နယ်စံပြ သုတေသန ဧက၂၀ စိုက်ခင်းများမှ မျိုးသန့်မျိုးပွားရယူကာ ထပ်မံတိုးချဲ့လျက်ရှိသည့် ကြံစိုက်ခင်းများမှ ကြံတန်ချိန် ၁၀၀၀၀ကျော် စုစုပေါင်း နေပြည်တော်တိုင်း စစ်ဌာနချုပ် နယ်မြေအတွင်း ဆင်းရွှေလီကြံ တန်ချိန် ၁၆၀၀၀မှ ၂၀၀၀၀ အထိ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ပြီး မျိုးသန့်မျိုးပွားကြံမျိုးနှင့် စိုက်နည်းစနစ်များကို ဖြန့်ဖြူးသွားနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ၂၀၀၇ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် ဖွင့်ပွဲတွင် ကလေးများအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးစဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး၊ ဝန်ကြီးဌာန အသီးသီးမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သည့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် ကျင်းပရေးကော်မတီဝင်များ၊ ဆားချက်လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အရှိန်အဟုန်မြှင့်တင်

ရှေးဦးစွာ ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်ရေး၊ကုသရေးနှင့်ကျန်းမာရေးမြှင့်တင်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည် ဖော်နိုင်ရန်အတွက် အမျိုးသားကျန်းမာရေးကော်မတီ၏ မျက်ခြည်မပြတ် ပေါင်းစပ်ညှိနှိုင်းမှု၊ ပံ့ပိုးမှုများပေးလျက်ရှိကြောင်း၊ရောဂါကာကွယ်ရေးကုသရေးနှင့် ကျန်းမာရေးအခြေအနေမြှင့်တင်ရေး လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် အခြေခံလိုအပ်ချက်အဖြစ် ပြည်သူတို့၏ အာဟာရအခြေအနေ မြင့်မားရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေသည်ကိုလည်း တွေ့မြင်နိုင်ကြောင်း၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများသည် မြန်မာနိုင်ငံ၏ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရန်အတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများပြုလုပ်ရခြင်း၏ ရည်မှန်းချက်များမှာ အရည်အသွေးပြည့်မီသော အိုင်အိုဒင်းဆား ထုတ်လုပ်စားသုံးမှုအရှိန်အဟုန်ကို မြှင့်တင်ရန်၊ ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်းလုပ်ငန်းလွှမ်းခြုံမှုမြင့်မားရေးသည် အခြေအနေကို ဆက်လက် ထိန်းသိမ်းထားရန်၊ အမျိုးသမီးများ သံဓာတ်ဆေးပြား သောက်သုံးခြင်း၏ အကျိုးကျေးဇူးကို ပိုမိုနားလည်သဘောပေါက်လာစေရန်၊ အသက် ၆လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်၊ အသက်အရွယ်အလိုက် အာဟာရပြည့်ဝမျှတစွာ စားသောက်တတ်သည့် ဓလေ့ထွန်းကားလာစေရန်နှင့် သန်ချဆေး တိုက်ကျွေးခြင်းလုပ်ငန်းကို အသက်နှစ်နှစ်မှ ငါးနှစ်အတွင်း ကလေးများနှင့် မူလတန်းကျောင်းသားအရွယ်ကလေးများအားလုံး တစ်နှစ်တွင် နှစ်ကြိမ်နှင့် ကိုယ်ဝန်သုံးလအထက် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား သန်ချဆေး တိုက်ကျွေးခြင်းလုပ်ငန်း လွှမ်းခြုံမှုမြင့်မားလာစေရန်တို့ဖြစ်ကြောင်း။

ဟန်ချက်ညီညီ

ကလေးသူငယ်များ၏ အာဟာရအခြေအနေ မြင့်မားရေးအတွက် ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကာကွယ်ဆေးထိုး ဆေးတိုက်လုပ်ငန်းများ၊ ရောဂါနှိမ်နင်းရေး လုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၊ မိခင်နှင့်ကလေး ကျန်းမာရေးလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများကို ဟန်ချက်ညီညီမြှင့်တင်ဆောင်ရွက်ပေးနေသည်ကို တွေ့မြင်နိုင်ကြောင်း၊ ထို့အပြင် အာဟာရအခြေအနေမြှင့်တင်ရေး ကြိုးပမ်းရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေပြီး (၂၀၀၆–၂၀၁၀) ငါးနှစ်အတွက် **"မြန်မာနိုင်ငံ အစားအစာနှင့် အာဟာရလုပ်ငန်းအစီအစဉ်"** ကိုလည်း ရေးဆွဲထားပြီးဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

အထူးသဖြင့် အစားအစာထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများတွင် တာဝန်ရှိကြသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း စသည့်ဌာနများဖြင့် ရင်းနှီးစွာ လက်တွဲဆောင်ရွက်နေကြောင်း၊ မှန်ကန်သည့် အာဟာရဗဟုသုတများ ပြန့်ပွားရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်သည့် ပညာရေးဝန်ကြီးဌာန၏ အကူအညီကိုလည်း ရယူဆောင်ရွက်ပြီး အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့်လည်း ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နေကြောင်း။

ဖြစ်ထွန်းလာ

အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများကို နည်းမျိုးစုံနှင့်ကျင့်သုံးပြီး ဆောင်ရွက်ရာတွင် ပြည်သူတို့ကိုယ်တိုင် အသိရှိရှိ ပူးပေါင်းဆောင်ရွက်မှသာ ရေရှည်တည်တံ့နိုင်ကြောင်း၊ ကလေးသူငယ်များကို အချိန်မှန် ကိုယ်အလေးချိန်ချိန်၍ မှတ်တမ်းတင်ပြီး အာဟာရပညာပေးစောင့်ရှောက်သည့် လုပ်ငန်း၊ အာဟာရကျွေးမွေးပြီး စောင့်ရှောက်သည့်လုပ်ငန်းများတွင် ဒေသခံလူထုပူးပေါင်းဆောင်ရွက်မှုကြောင့် ရေရှည်တည်တံ့နိုင်မည့်အလားအလာကောင်းများ ဖြစ်ထွန်းလာသည်ကို တွေ့နေရပြီဖြစ်ကြောင်း။

အထူးကျေးဇူးတင်

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံသားများ၊ အထူးသဖြင့် မြန်မာမိခင်များနှင့် ကလေးသူငယ်များ၏အာဟာရအခြေအနေ မြှင့်တင်ရေး လုပ်ငန်းများတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အတူလက်တွဲဆောင်ရွက်နေကြသည့် သတ္တုတွင်းဝန်ကြီးဌာနနှင့် အခြားဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အဓိကပံ့ပိုးကူညီပေးသည့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအားလည်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး ဖွင့်ပွဲအခမ်းအနား ရုပ်သိမ်းလိုက်သည်။

လှုပ်ရှားမှုမှတ်တမ်း

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဝန်ကြီးဒေါက်တာကျော်မြင့်၊ ဝန်ကြီး ဗိုလ်ချုပ်ဋ္ဌေးဦး၊ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဝန်ကြီးဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် ခန်းမအတွင်း ပြသထားသော ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၀၆ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ လူထုအခြေပြုအာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၏ မှတ်တမ်းဓာတ်ပုံများ၊ ပြည်သူများ၏ အာဟာရအခြေအနေဆန်းစစ်လေ့လာမှုများနှင့် အာဟာရဖွံ့ဖြိုးရေး စီမံချက်သင်တန်းနှင့် ဆွေးနွေးပွဲများ၏ မှတ်တမ်းဓာတ်ပုံများ၊ ကျန်းမာရေး ပညာပေးစာအုပ်များ၊ အာဟာရပြည့်ဝသော အစားအစာများ၊ ကျန်းမာရေးကို အားပေးသော အစားအစာများ၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အစားအစာများ၊သတ္တုတွင်းဝန်ကြီးဌာန၏ အိုင်အိုဒင်းဆား တိုးတက်ထုတ်လုပ်ရေးအတွက် ကွင်းဆင်းဆောင်ရွက်မှုဓာတ်ပုံများနှင့် အိုင်အိုဒင်းဆား နမူနာများကို လှည့်လည်ကြည့်ရှုကြသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည်မျိုးဆက်ပွားအရွယ် အမျိုးသမီးများအား သံဓာတ်ဆေးပြားများဖြန့်ဝေပေးကြပြီး ကလေးငယ်များအား ဗီတာမင်အေ ဆေးလုံးများ တိုက်ကျွေးကြကာ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၆–၉–၂၀၀၇ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၀၀	၆။	အကပြိုင်ပွဲ
၈း၁၀	၇။	ကတိုက်ရေလှောင်တမံ
၈း၁၅	၈။	တေးဂီတအစီအစဉ်
၈း၃၀	၉။	International News
၈း၄၅	၁၀။	Say it in English

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀	၄။	မြန်မာဗီဒီယိုဇာတ်လမ်း **မဥ္ဇူရီနှင့်ပတ်သက်၍** လူမင်း၊ ထွန်းအိန္ဒြာဗို (ဒါရိုက်တာ–ဟိန်းစိုး)
၁၃း၃၀	၅။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (နာမည်ကျော်ထင်ရှား ပေါက်သနပ်ခါး)
၁၃း၄၀	၆။	အတီးပြိုင်ပွဲ
၁၃း၄၅	၇။	၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ပြဇာတ်ပြိုင်ပွဲဆွေးနွေးခန်း) [အပိုင်း–၂]
၁၃း၅၀	၈။	တေးဂီတအစီအစဉ်
၁၄း၁၀	၉။	ကြံတောင်သူတွေဝင်ငွေ သုံးဆတိုးဖို့ ဆင်းရွှေလီ ကြံစိုက်ကြစို့(အပိုင်း–၄)
၁၄း၂၅	၁၀။	**ဇင်ဇင်နှင့် ခြင်ကျား** ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့် (ဒါရိုက်တာ–စင်ရော်မောင်မောင်)
၁၄း၄၅	၁၁။	International News

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သတ္တဗေဒ အထူးပြု) [သတ္တဗေဒ]
၁၇း၀၀	၅။	တိုင်းရင်းသားရိုးရာအက
၁၇း၁၅	၆။	၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) [အဆင့်မြင့်ပညာအဆင့်] (အမျိုးသား/အမျိုးသမီး)
၁၇း၃၀	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀	၈။	ညနေခင်းသတင်း
၁၈း၃၀	၉။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၀။	သီရိဂေဟာ
၁၉း၀၅	၁၁။	သစ်ရွက်ဆွေး သဘာဝမြေဩဇာပြုလုပ်သုံးစွဲပါ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ–ဖုန်းမြင့်အောင်)
၁၉း၁၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း–၅၉)
၂၀း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စရာ့ပျိုကညာ**(အပိုင်း–၄)

ခရီးသွားပြည်သူများ ဈေးနှုန်းချိုသာစွာသွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိသော မြန်မာ့မီးရထား

အောင်
(မြန်မာ့မီးရထား)

နိုင်ငံတော်အစိုးရသည် ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့ နိုင်ငံ့တာဝန်ကို လွှဲပြောင်းရယူပြီးချိန်မှစ၍ လုပ်ငန်းတာဝန်ကြီး(၄)ရပ်ချမှတ်ပြီး လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ပြည်သူများ စားဝတ်နေရေး သက်သာချောင်ချိစေရေးအတွက် အစဉ်တစိုက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် ပြည်သူ့ဆန္ဒနှင့်အညီ ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းဖော်ဆောင်ပေးခဲ့ပါသည်။ တစ်ချိန်တည်း၌ပင် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်အတွက် လိုအပ်သည့်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံအဆောက်အအုံများကို နေ့မအား၊ ညမနား အရှိန်အဟုန်ဖြင့် တည်ဆောက်အကောင်အထည်ဖော်ပေးလျက်ရှိပါသည်။

ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲရာတွင် ဈေးကွက်စီးပွားရေး သဘောတရားများအရ အမြတ်အစွန်းကို ရှေးရှုရမည်ဖြစ်သော်လည်း ပြည်သူများသက်သာချောင်ချိစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်ဖြင့် ကဏ္ဍအသီးသီး၌ အဘက်ဘက်က အရှုံးခံပြီး နိုင်ငံတော်ဘဏ္ဍာမှ ငွေကြေးအမြောက်အမြား စိုက်ထုတ်ကျခံ သုံးစွဲပေးခဲ့ပါသည်။ ယနေ့ စက်သုံးဆီဈေးနှုန်း တိုးမြှင့်သည်ဟုဆိုသော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံအသီးသီးရှိ ဈေးနှုန်းများထက် သက်သာနေသေးသည်ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသတင်းထုတ်ပြန်ရေးကော်မတီ၏ ၈–၉–၂၀၀၇ ရက်စွဲပါကြေညာချက်အမှတ်(၂/၂၀၀၇)တွင် ဖော်ပြထားသည်။ ထို့အပြင် နိုင်ငံတော်အနေဖြင့် အမြတ်အစွန်းရရန်မဟုတ်ဘဲ အရှုံးခံစိုက်ထုတ်သုံးစွဲနေရမှုအနည်းငယ် သက်သာသွားစေရန်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အတိအလင်း ရှင်းလင်းဖော်ပြထားသည်ကို တွေ့ရှိရသည်။

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့နေပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရုံးသူ၊ ရုံးသားများ ဈေးနှုန်းချိုသာ၍ သွားလာမှုလွယ်ကူချောမွေ့စေရန် နေ့စဉ် ရထားကြီးတွဲဆိုင်း ၁၁ ဆိုင်း၊ အာရ်ဘီအီးတွဲဆိုင်းရှစ်ဆိုင်း စုစုပေါင်းတွဲဆိုင်း ၁၉ ဆိုင်းအသုံးပြုပြီး ရထားခေါက်ရေ ၁၉၁ ခေါက်ဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိပါသည်။ လက်မှတ်ခနှုန်းထားမှာ အနည်းဆုံး ကျပ် ၁၀၊ အများဆုံး ကျပ် ၂၀ အထိသာရှိပြီး လိုရာခရီးသို့အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် သယ်ယူပို့ဆောင်ပေးလျက်ရှိပါသည်။

ရုံးတက် ရုံးဆင်းချိန်များတွင် ရုံးသူ၊ ရုံးသားများ အဆင်ပြေစေရန်အတွက် နေ့စဉ်ရုံးတက်ချိန်များ၌ နံနက်ပိုင်းတွင် ရန်ကုန်အဝင်ရထားများမှာ အင်းစိန်ဘက်မှ လေးစင်း၊ မင်္ဂလာဒုံ ပုရွက်ဆိတ်ကုန်းဘက်မှ သုံးစင်း၊ တိုးကြောင်လေးဘက်မှ သုံးစင်းဖြစ်ပြီး ညနေပိုင်းရုံးဆင်းချိန်တွင် ရန်ကုန်အထွက်ရထားများမှာအင်းစိန်ဘက်သို့ လေးစင်း၊ မင်္ဂလာဒုံဘက်သို့သုံးစင်း၊ တိုးကြောင်လေးဘက်သို့ သုံးစင်းဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိပြီး ရုံးသူ ရုံးသားများနှင့် ခရီးသွားပြည်သူများ သွားလာမှုလွယ်ကူပြီး ဈေးနှုန်းချိုသာစွာဖြင့် အလုပ်ခွင်သို့ အဆင်ပြေချောမွေ့ သွားလာနိုင်သဖြင့် မြန်မာ့မီးရထားကို အထူးပင် ကျေးဇူးတင်လျက် ရှိပါသည်။

ထို့ပြင် ကျောင်းသားကျောင်းသူများ သွားလာရေး အဆင်ပြေစေရန်အတွက်လည်း မြန်မာ့မီးရထားက ရန်ကုန်–ရွာသာကြီး(စီးပွားရေးတက္ကသိုလ်)ရှစ်စင်း၊ ရွာသာကြီး (စီးပွားရေးတက္ကသိုလ်)–ရန်ကုန် ရှစ်စင်း၊ ရန်ကုန်–ဒဂုံတက္ကသိုလ်ကိုးစင်း၊ ဒဂုံတက္ကသိုလ်–ရန်ကုန်ကိုးစင်း၊ ရန်ကုန်–အရှေ့ပိုင်းတက္ကသိုလ် ခြောက်စင်း၊ အရှေ့ပိုင်း တက္ကသိုလ်–ရန်ကုန် ခြောက်စင်း၊ ရန်ကုန်–ကွန်ပျူတာ တက္ကသိုလ် နှစ်စင်း၊ ကွန်ပျူတာတက္ကသိုလ်–ရန်ကုန် နှစ်စင်း ပြေးဆွဲပေး၍ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားမှုကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ဈေးနှုန်းချိုသာစွာဖြင့် လသုံးလက်မှတ်များ၊ နေ့စဉ်သုံးလက်မှတ်များကို စာသင်ဆောင်များအထိ သွားရောက်ရောင်းချပေးခဲ့ပါသည်။ အရှေ့ပိုင်းတက္ကသိုလ်–ရန်ကုန်လသုံးလက်မှတ်ခမှာ ငွေကျပ် ၄၆၀ဖြစ်ပြီး ဒဂုံတက္ကသိုလ်–စီးပွားရေးတက္ကသိုလ် လသုံးလက်မှတ်ခမှာ ငွေကျပ် ၂၃၀သာ ရှိသဖြင့် တစ်လလုံးသုံးသည့် လက်မှတ်ခ ငွေကျပ် ၂၃၀မှာ လက်ဖက်ရည်တစ်ခွက်ဖိုးမျှပင်မရှိသဖြင့် မြန်မာ့မီးရထား၏ ကျောင်းသား ကျောင်းသူများအပေါ်ထားရှိသည့် စေတနာမှာ မဖော်ပြနိုင်လောက်အောင် ကြီးမားသည်ဟု ပြောနိုင်ပါသည်။

ရထားစီး၍ခရီးသွားရသည်ကို ပြုံးပျော်နေကြသော တိုင်းရင်းသားသွေးချင်းများ။ (မြန်မာ့မီးရထား)

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြင်သာယာ–ထီရိ ရထားလမ်းပိုင်းဖွင့်ပွဲအခမ်းအနားတွင် ဒေသခံတိုင်းရင်းသားများနှင့် စည်စည်ကားကား။ (မြန်မာ့မီးရထား)

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့နေပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရုံးသူ၊ ရုံးသားများ ဈေးနှုန်းချိုသာ၍ သွားလာမှုလွယ်ကူချောမွေ့စေရန် နေ့စဉ် ရထားကြီးတွဲဆိုင်း ၁၁ ဆိုင်း၊ အာရ်ဘီအီးတွဲဆိုင်းရှစ်ဆိုင်း စုစုပေါင်းတွဲဆိုင်း ၁၉ ဆိုင်း အသုံးပြုပြီး ရထားခေါက်ရေ ၁၉၁ ခေါက်ဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိ။

လက်မှတ်ခနှုန်းထားမှာအနည်းဆုံး ကျပ် ၁၀၊ အများဆုံး ကျပ် ၂၀ အထိသာ ရှိပြီး လိုရာခရီးသို့ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ကြ။

ထို့ပြင် ရုံးသူရုံးသားများနှင့် ကျောင်းသူကျောင်းသား မဟုတ်သော ခရီးသွားပြည်သူများ၊ ဈေးရောင်းဈေးဝယ် သွားလာသူများအတွက် လက်ဆွဲတန်ဆာခမှာ ၁၀ပိဿာ အထုပ်တစ်ထုပ်လျှင် ငွေကျပ် ၁၀ဖြစ်ပြီး ကလေးလက်မှတ်ခ နှုန်းထားမှာလည်း မည်သည့်ဘူတာသို့စီးစီး ငွေငါးကျပ်သာဖြစ်ပါသည်။ မှတ်သားထားရမည့်အချက်တစ်ခုမှာ နံနက်ရုံးတက်ချိန် ၈နာရီမှ ၁၀နာရီအထိနှင့်ညနေရုံးဆင်းချိန် ၄နာရီမှ ၆နာရီအတွင်းတို့တွင် မြို့ပတ်ရထားပေါ်၌ ဝန်ကျယ်ပစ္စည်းများနှင့် ထမ်းပိုးပစ္စည်းများ တင်ဆောင်ခွင့်မပြုကြောင်းပင် ဖြစ်ပါသည်။

မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းအားလုံးသည် ခရီးသည်များ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် ကြည့်မြင်တိုင်၊ အင်းစိန်၊ ဒညင်းကုန်း၊ မလွှကုန်း၊ သဃ်န်းကျွန်းဘူတာတို့တွင် Check Pointများထားရှိ၍ နေ့စဉ် နံနက် ၉နာရီ၊ မွန်းလွဲ ၁နာရီ၊ ညနေ ၅နာရီနှင့် ည ၉ နာရီ တို့တွင် ခရီးသည်အခြေအနေ၊ စက်ခေါင်းနှင့်တွဲအခြေအနေ၊ တွဲ မီးရရှိမှုအခြေအနေ၊ ဆက်သွယ်ရေးနှင့် လမ်းအခြေအနေတို့ကို မြို့ပတ်ကွန်ထရိုးသို့ သတင်းများရယူပေးပို့ပြီး လမ်းပန်းဆက်သွယ်မှု လုံခြုံအဆင်ပြေချောမွေ့စေရန်အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။

ခရီးသွားလာရာတွင် ငွေကုန်ကြေးကျသက်သာမှု၊ လုံခြုံမှုနှင့် အဆင်ပြေမှုအရှိဆုံးမှာ မီးရထားဖြင့် ခရီးသွားလာခြင်းပင်ဖြစ်ပါသည်။ ခရီးသည်များအတွက် သက်သောင့်သက်သာရှိပြီး ဘေးအန္တရာယ် ကင်းရှင်းမှုများကြောင့် ခေတ်အဆက်ဆက် ခရီးသွားပြည်သူများသည် မီးရထားကို အားကိုးစီးနင်းကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

ဒေသထွက်ကုန်များကို ကွန်တိန်နာ ရထားဖြင့် ဤသို့ သယ်ပို့ပေးလျက်ရှိသည်။ (မြန်မာ့မီးရထား)

ရန်ကုန်–အရှေ့ပိုင်းတက္ကသိုလ်သို့ ပြေးဆွဲပေးလျက်ရှိသော မြို့ပတ်ရထားတစ်စင်း။

(မြန်မာ့မီးရထား)

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

ထိုသို့ ခရီးသွားပြည်သူများအတွက် စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရန် တပ်မတော်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ ၁၉၈၈ မတိုင်မီက ရထားလမ်း ခရီးမိုင် ၁၉၇၆ဒသမ ၃၅မိုင်ရှိခဲ့ရာမှ ယနေ့ဆိုလျှင် ရထားလမ်းအရှည် ၃၀၄၈ဒသမ ၈၆မိုင်အထိ ရှိလာခဲ့ပြီး ၁၉၈၈ မတိုင်မီက ဘူတာရုံပေါင်း ၄၈၇ဘူတာသာရှိခဲ့ရာမှ တပ်မတော်အစိုးရလက်ထက်တွင် ၃၁၉ဘူတာ တိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့ဘူတာရုံ စုစုပေါင်း ၈၀၆ဘူတာ၊ ၁၉၈၈ မတိုင်မီက တံတားကြီး၊ တံတားငယ်စင်းရေ ၅၆၅၀မှ တပ်မတော်အစိုးရလက်ထက်တွင်တံတားကြီး၊တံတားငယ်စင်းရေ၄၀၅၀ ထပ်မံတည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့အချိန်တွင် တံတားကြီး၊ တံတားငယ် စုစုပေါင်း ၉၇၀၀ကို ဖောက်လုပ် တည်ဆောက်နိုင်ခဲ့ပါသည်။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသကဲ့သို့ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အစရှိသည်တို့ကို ပိုမိုတိုးတက်စေသည်။ ထို့ပြင် ဒေသခံပြည်သူတို့၏ လူမှုစီးပွားအရပ်ရပ်ကို ပိုမိုပြည့်စုံစေပြီး တိုင်းနှင့်ပြည်နယ်အနှံ့ ရထားလမ်းများ ဖောက်လုပ်ပြေးဆွဲပေးနေခြင်းကြောင့် ဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်ဆံမှုများပြားကာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်း ပိုမိုနားလည် စည်းလုံးညီညွတ်၍ ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုမြင့်မားတိုးတက်စေပါသည်။

မန္တလေးမှ ကချင်ပြည်နယ် မြစ်ကြီးနားခရီးစဉ်အနေဖြင့် အမြန်ရထားလေးစင်းနှင့် စာပို့ရထားတစ်စင်း ပြေးဆွဲပြီး အထက်တန်းအိပ်ခန်းမှာ ကျပ်၃၇၈၀၊ အထက်တန်းထိုင်ခုံ ကျပ်၂၇၅၀နှင့် ရိုးရိုးတန်းထိုင်ခုံ ကျပ်၁၃၈၀ ဖြစ်ပါသည်။ ထို့ပြင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးသို့ မန္တလေးမှ ရထားဖြင့် သွားမည်ဆိုလျှင် ပထမတန်း ကျပ်၁၂၇၀နှင့် ရိုးရိုးတန်း ကျပ် ၉၁၀ ဖြစ်ပါသည်။ ၎င်းပြင်မန္တလေးမှ ပခုက္ကူ၊ မန္တလေးမှမုံရွာသို့ နေ့စဉ်ရထား ပြေးဆွဲပေးလျက်ရှိရာ အထက်တန်း ကျပ်၇၇၀နှင့် ရိုးရိုးတန်းကျပ်၃၃၀ရှိ၍ မန္တလေး–မတ္တရာသို့လည်း ရထားများ ဈေးနှုန်းချိုသာစွာဖြင့် ပြေးဆွဲပေးပြီး ပုဂံသို့လည်း မန္တလေးမှရထားဖြင့် ဘုရားဖူးလိုသူများအတွက် ရထားပြေးဆွဲပေးလျက် ရှိပါသည်။ လက်မှတ်ခနှုန်းထားမှာ အထက်တန်း ကျပ်၉၆၀နှင့် ရိုးရိုးတန်းကျပ် ၄၈၀သာရှိသဖြင့် ဈေးနှုန်းချိုသာစွာ သွားရောက်လည်ပတ် ဘုရားဖူးနိုင်ပါသည်။

သာစည်မှ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်များသို့ သွားလာမှုလွယ်ကူချောမွေ့စေရန် မြန်မာ့မီးရထားမှ ရထားများပြေးဆွဲပေးလျက်ရှိပါသည်။ ၎င်းတို့မှာ သာစည်–အောင်ပန်း–လွိုင်ကော်ရထား ပြေးဆွဲပြီး အထက်တန်း ကျပ်၂၂၇၀နှင့် ရိုးရိုးတန်းကျပ်၈၈၀သာကုန်ကျပါသည်။ သာစည်မှ ရွှေညောင်နှင့် တောင်ကြီး– နမ့်စန်–မိုးနဲမြို့များသို့လည်း ရထားများပြေးဆွဲပြီး ဈေးနှုန်းသက်သာစွာဖြင့် လွယ်ကူစွာ ခရီးသွားလာနိုင်ကြပါသည်။

နေပြည်တော်ကို ဗဟိုပြု၍ ဒေသအနှံ့ပြည်သူများ ခရီးသွားလာမှုအဆင်ပြေ ချောမွေ့စေရေးနှင့် ရောင်းဝယ်ဖောက်ကားရာတွင် လျင်မြန်တိုးတက်ဖြစ်ထွန်းလာစေရေးတို့အတွက် မြန်မာ့မီးရထားသည် ရိုးမအနောက်ခြမ်းတွင် နေထိုင်ကြသော ဒေသခံပြည်သူများနှင့် နေပြည်တော်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှုလုံခြုံချောမွေ့စေရန် အမှတ်(၁၀၇)အဆန်ရထားနှင့် အမှတ် (၁၀၈)အစုန် နေပြည်တော်–ပုဂံလူစီးရထားကို ၂၀၀၆ခုနှစ် မေလ ၁၈ရက်မှ စတင်ကာ ပြေးဆွဲပေးခဲ့သည်။ ထိုနေ့မှာပင်အမှတ်(၁၀၁)အဆန်နှင့် အမှတ် (၁၀၂)အစုန် နေပြည်တော်–ကျောက်ပန်းတောင်း–နေပြည်တော်စာပို့ရထားကိုလည်း တစ်ပြိုင်တည်း အသွား၊အပြန် ပြေးဆွဲပေးခဲ့သည်။ ထိုသို့ ပြေးဆွဲပေးခဲ့မှုကြောင့် ဒေသခံပြည်သူများ ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုများ အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ထို့အတူ မြန်မာ့မီးရထားသည်အမှတ်(၁၀၉) အဆန်ရထားနှင့် အမှတ် (၁၁၀) အစုန်ရထား နေပြည်တော်–ပြည်မီးရထားခရီးစဉ်သစ်ကို ၂၀၀၆ ခုနှစ် မေလ ၂၅ရက်တွင် စတင်ဖွင့်လှစ် ပြေးဆွဲပေးခဲ့သဖြင့် ပြည်မြို့အနီးဝန်းကျင်မှ ဒေသခံပြည်သူများ နေပြည်တော်သို့မီးရထားဖြင့် တိုက်ရိုက်ခရီးသွားလာနိုင်ကြသကဲ့သို့ ပုံမှန်ရထားပြေးဆွဲမှုများကြောင့် သွားလာရေး အဆင်ပြေလျက်ရှိနေပါသည်။

နိုင်ငံအနှံ့ပြည်သူများ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးနှင့် ရောင်းဝယ်ဖောက်ကားရာတွင် လျင်မြန်တိုးတက်ဖြစ်ထွန်းလာစေရေးတို့အတွက် မြန်မာ့မီးရထားသည် အမှတ်(၂၅)အဆန်ရထားနှင့်အမှတ်(၂၆)အစုန်ရထားကို နေပြည်တော်–မန္တလေးခရီးစဉ်တွင် ၂၀၀၆ခုနှစ် ဇွန်လ ၇ရက်နေ့မှစတင်ကာ ပြေးဆွဲပေးနိုင်ခဲ့သည်။ ထို့ကြောင့် မန္တလေးမှ နေပြည်တော်၊ နေပြည်တော်မှ မန္တလေးသို့ သီးခြားမီးရထားခရီးစဉ်ဖြင့် သွားလာနိုင်ကြပြီဖြစ်ပါသည်။

တစ်ဖန် မြန်မာ့မီးရထားအနေဖြင့် အမှတ်(၂၇) အဆန် အမြန်ရထားနှင့်အမှတ်(၂၈) အစုန်အမြန်ရထားကို နေပြည်တော်–သာစည်–မိတ္ထီလာ–မြင်းခြံ ခရီးစဉ်အဖြစ် ၂၀၀၆ခုနှစ် ဇူလိုင်လ ၁၆ရက်က စတင်ပြေးဆွဲပေးနိုင်ခဲ့သည်။ ထို့အတူဒိုက်ဦး–မြစ်ကျိုး–စစ်တောင်း မီးရထားလမ်းပိုင်းကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် နေပြည်တော်–မော်လမြိုင်–နေပြည်တော် လူစီးရထားကို ၂၀၀၇ခုနှစ် ဧပြီလ ၂၂ရက်မှ စတင်ပြေးဆွဲပေးနိုင်ခဲ့သည်။

၎င်းအပြင် ၂၀၀၇ခုနှစ် စက်တင်ဘာလ ၂ရက်နေ့ ကြေးနီ–ချောက်၄ဒသမ၃မိုင်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့် ချောက်မှနေပြည်တော်၊ နေပြည်တော်မှချောက်သို့ နေ့စဉ်ရထားများပြေးဆွဲသွားလာနိုင်ပြီး ဧရာဝတီမြစ်ကို အနော်ရထာတံတားမှကားဖြင့်ကျော်ဖြတ်၍ ချင်းပြည်နယ်သွေးချင်းများရှိရာဒေသသို့ လွယ်ကူစွာသွားလာနိုင်ပြီဖြစ်ပါသည်။

ရန်ကုန်မှ မွန်ပြည်နယ်မော်လမြိုင်–ရေး–ထားဝယ်မြို့များသို့ နေ့စဉ်ရထားသုံးစင်းပြေးဆွဲပြီး ရန်ကုန်–မော်လမြိုင်–ရေး–ထားဝယ်မြို့များမှတစ်ဆင့် တနင်္သာရီတိုင်းရှိ မြိတ်–ကော့သောင်းမြို့များသို့လည်း သွားရောက်နိုင်ရန် အထောက်အကူပြုနိုင်ခဲ့ပါသည်။ လက်မှတ်ခနှုန်းထားမှာ ရန်ကုန်–ထားဝယ် အထက်တန်း ကျပ်၃၈၅၀ဖြစ်ပြီး ရိုးရိုးတန်းကျပ် ၁၈၆၀သာကုန်ကျသဖြင့် သွားလာမှုစရိတ်သည် အခြားသော ယာဉ်များဖြင့်ခရီးသွားခြင်းထက် များစွာသက်သာလျက် ရှိပါသည်။

ရန်ကုန်–ပြည်၊ ရန်ကုန်–သာရဝေါမှ တစ်ဆင့် ဟင်္သာတ၊ ပုသိမ်မြို့များသို့လည်း သွားရောက်နိုင်ခဲ့ပြီး ဧရာဝတီမြစ်အနောက်ဘက်ခြမ်းတွင် ပုသိမ်မှကြံခင်းအထိ ရထားများပြေးဆွဲ၍ ပခုက္ကူမှဂန့်ဂေါ–ကလေးသို့လည်း အရှည်ပေ ၅၆၁၀ရှိ ပုံညာတောင်ဥမင်ကိုဖြတ်သန်းကာ ရထားများ သွားလာနိုင်ခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတောင်ပိုင်း ထားဝယ်မြို့မှ မြောက်ပိုင်းကချင်ပြည်နယ် မြစ်ကြီးနားမြို့အထိ ရထားစီး၍ ခရီးသွားနိုင်ကြပြီဖြစ်ပါသည်။ ၎င်းပြင် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၃၂၂မိုင်ရှိသော ကြံခင်း–ပခုက္ကူရထားလမ်းကြီးကိုလည်း မြန်မာ့မီးရထားဝန်ထမ်းများက နေ့မအား၊ ညမနား ဒေသတစ်ခုနှင့်တစ်ခုကွန်ရက်သဖွယ် လက်ယှက်ထိုး သွားလာနိုင်ရေးအတွက် ဖောက်လုပ်လျက်ရှိပါသည်။

တစ်နိုင်ငံလုံးအနေဖြင့် မြန်မာ့မီးရထားသည် နေ့စဉ် အမြန်ရထားအစင်း၄၀၊ စာပို့ရထား ၂၂စင်း၊ လူစီးကုန်ရထား ၆၄စင်း၊ ခရီးတိုရထား၇၂စင်း၊ မြို့ပတ်၁၉၁စင်းတို့ဖြင့် မြန်မာနိုင်ငံအနှံ့ ခရီးသည်နှင့်ကုန်စည်များကို ဈေးနှုန်းချိုသာစွာဖြင့် နေ့ရောညပါ သယ်ယူပို့ဆောင်လျက်ရှိပါသည်။ ပျဉ်းမနား–မြို့ဟောင်းဒွေးလမ်း၁၅၇မိုင်၊ ပျော်ဘွယ်–ဘုရားငါးဆူလမ်း၁၆ဒသမ ၁၉မိုင်၊ ကြံခင်း–ပခုက္ကူ ၃၂၂မိုင်၊ ကသာ–ဗန်းမော်၉၅မိုင်တို့ကိုလည်း ဆက်လက်ဖောက်လုပ်လျက်ရှိခြင်းကြောင့် ပြည်သူများ မီးရထားဖြင့်ခရီးသွားလာမှု အဆင်ပြေချောမွေ့ကာ ကုန်စည်စီးဆင်းမှုများလည်း ယခင်ကထက် လျင်မြန်သွက်လက်လာပြီး ဒေသဖွံ့ဖြိုးရေးများ နေ့ချင်းညချင်း အချိန်တိုအတွင်း ဖြစ်ထွန်းတိုးတက်၍ ကူးလူးဆက်ဆံမှုများပြားကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုအထောက်အကူပြုလျက်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။ ။

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲ ဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင်သုံးထပ် ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး) အတွက် ဗိုလ်ဟန်မြင့်အောင်အား ရည်စူး၍ မန္တလေးမြို့ အင်ဂျင်နီယာ၊ ကွန်ပျူတာ ဘွဲ့လွန်သင်တန်းမှ သင်တန်းသားအရာရှိများ၏ ကျောင်းအလှူငွေကျပ် တစ်သိန်းကို ဗိုလ်ဟန်မြင့်အောင်၏ဦးလေး အရှင်ဣန္ဒဝံသ [ရွှေပုတီး၊ M.A,Ph.D(Thesis) မဂဓတက္ကသိုလ်]က အဖွဲ့အတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ (မြစ်ကျိုး)အား ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)



ငွေပေါ်ကျွန်း ဗုဒ္ဓတ တောင်စွန်းရွှေတဂူဆရာတော် တရားစခန်းပွဲ၊ ဘုရားကျောင်းဆောင်နှင့် စုပေါင်းသွေးလှူပွဲ

ရန်ကုန် စက်တင်ဘာ ၁၅

ဗုဒ္ဓအလိုတော်ကျ မိုးကုတ်ဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီး၊ သဲအင်းဂူ ဆရာတော်ကြီး၊ လယ်တီဆရာတော်ကြီး၊ ဓမ္မဒူတအရှင်ပညာဇောတ (တေဒဂ်) ဆရာတော်ကြီးများအား ကျေးဇူးပြု ကျေးဇူးဆပ်သောအားဖြင့် သာသနာပြန့် သစ္စာအဓိဋ္ဌာန် သမထဝိပဿနာ တရားစခန်းပွဲကို (၁၃)ကြိမ်မြောက်အဖြစ် စက်တင်ဘာ ၁၈ရက်မှ၂၂ရက်အထိ သင်ကြားကျင့်ကြံပွားများ အားထုတ်နည်းကို သင်ကြားပို့ချပေးမည်ဖြစ်သည်။ စက်တင်ဘာ ၁၈ရက်တွင် အဠမ အကြိမ်မြောက် ဘုရား၊ ကျောင်းဆောင်နှင့် အာဟာရဒါနလှူဒါန်းမှုကို (I.T.C ကမာရွတ်) တွင် ကျင်းပပြီး စက်တင်ဘာ ၂၂ရက်တွင် စုပေါင်းသွေးလှူဒါန်းမည်ဖြစ်ရာ ဆွမ်းစရိတ်အခမဲ့ လှူဒါန်းမည်ဖြစ်သည်။

ဆက်သွယ်လိုသူများ ဦးအရိယာဝံသ မန္တလေးကျောင်း ၃၇/ရန်အောင်တိုက် c/သန္တာမြောက်ဥက္ကလာ၊ ဒေးဒရဲ ဆရာတော် အရှင်ဝဏ္ဏိတ ရတနာဓမ္မာရုံကျောင်း ခြောက်ထပ်ကြီး ဗဟန်းမြို့နယ် ဖုန်း–၅၅၄၆၈၄၊ အောင်မင်္ဂလာ ဆရာတော်အရှင်စန္ဒိမာ ပုဇွန်တောင်မြို့နယ် ဖုန်း–၂၉၂၄၅၁၊ ဦးငွေဟိန်း(ခ) ငွေထွန်း ငွေပေါ်ကျွန်း ဗုဒ္ဓတစ်ထောင်သာသနာပြုကြွေးကင်း ရန်ပြေအောင်ပေါင်းစု ဘုရားဝင်း ၁/ရပ်ကွက် ဝေဘာဂီမြို့သစ် မြောက်ဥက္ကလာပမြို့နယ် ခြောက်ကွေ့ ဖုန်း–၀၉–၅၁–၈၀၈၁၁၊ မဇထေက်ထက်ပိုင် [Grade-XI(H),T.T.C, ကမာရွတ်]၊ ဒေါ်မြင့်မြင့်မော်(ဥက္ကဋ္ဌ)မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဝေဘာဂီမြို့သစ်၊ ဦးအောင်ကြည် စည်းရုံးရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဝေဘာဂီမြို့သစ်၊ ဦးတင်ရီ ဖုန်း–၀၉–၅၁–၃၇၄၅၅၊ ၈/ကောင်းလက်ရာ ထမင်းဆိုင် မြေနီကုန်း မပိုလမ်း စမ်းချောင်းတို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ပဲခူးတိုင်း အထူးကုဆရာဝန်ကြီးများအဖွဲ့

ရေတာရှည်မြို့နယ်၌ အခမဲ့ကွင်းဆင်းစမ်းသပ်ကုသ

ရန်ကုန် စက်တင်ဘာ ၁၅

ပဲခူးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငွေစန်းသည် တောင်ငူမြို့ တိုင်းအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာရစ်ချပ်ဘိုနီ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းဌေးနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ဩဂုတ် ၂၂ရက် နံနက် ၇နာရီက ရေတာရှည်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာရာ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွဋ်ဦးနှင့် ဆရာဝန်များ၊ ဆရာမများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး မြို့နယ်ပြည်သူ့ဆေးရုံခန်းမတွင် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ တွေ့ဆုံမှာကြားဆွေးနွေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွဋ်ဦးက ကျန်းမာရေးဝန်ကြီးဌာနမှ လုပ်ငန်းဆိုင်ရာလမ်းညွှန်မှုများ၊ တိုင်း/ခရိုင် ကျန်းမာရေးဦးစီးဌာနများ၏ ထပ်ဆင့်ညွှန်ကြားချက်များအပေါ်တွင် ရေတာရှည်မြို့နယ်၊ ကျန်းမာရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေ၊ မြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများအလိုက် လုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ လှုပ်ရှားဆောင်ရွက်နိုင်မှု၊ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးတွင် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆေးဝါးများအခမဲ့ပေး

၎င်းနောက် တိုင်းကျန်းမာရေးဦးစီးဌာနမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ ဆက်လက်၍ အထူးကုအဖွဲ့ခေါင်းဆောင် တောင်ငူခရိုင် ဆေးရုံအုပ်ကြီးက အထူးကုဆရာဝန်ကြီးများက ရောဂါစမ်းသပ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်ကို ရှင်းလင်းပြောကြားပြီး ရေတာရှည်မြို့နယ် ပြည်သူ့ဆေးရုံကြီးအတွင်း သတ်မှတ်နေရာများတွင် အထူးကုဆရာဝန်ကြီးများဖြစ်သည့် ဓာတ်မှန် အထူးကုဆရာဝန်ကြီးနှင့်အဖွဲ့၊ သမားတော်ကြီးများနှင့်အဖွဲ့၊ ခွဲစိတ်ကုဆရာဝန်ကြီးနှင့်အဖွဲ့၊ သားဖွားမီးယပ်ဆရာဝန်ကြီးနှင့်အဖွဲ့၊ ကလေးအထူးကုဆရာဝန်ကြီးနှင့်အဖွဲ့၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်ကြီးနှင့်အဖွဲ့၊ စိတ်ရောဂါအထူးကုဆရာဝန်ကြီးနှင့်အဖွဲ့၊ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးနှင့်အဖွဲ့၊ ရောဂါဗေဒအထူးကုဆရာဝန်ကြီးနှင့်အဖွဲ့၊ ၎င်းဖျားရောဂါတိုက်ဖျက်ရေး အထူးကုဆရာဝန်ကြီးနှင့်အဖွဲ့၊ မူခင်းနှင့်မူးယစ် အထူးကုဆရာဝန်ကြီးနှင့်အဖွဲ့သည် ရေတာရှည်မြို့နယ်မှ ရောဂါဝေဒနာရှင် ၆၇၇ဦးတို့အား ရောဂါစမ်းသပ်ခြင်း၊ ကုသခြင်းများ ပြုလုပ်ခဲ့ကြပြီး ဆေးဝါးများ အခမဲ့ပေးခဲ့ကြောင်း သိရသည်။ **(က–ပ)**

စက်တင်ဘာ ၁ရက်က အမက (၁၃) စမ်းချောင်း၌ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်မြမြသန်းက လေးနှစ်ဆက်တိုက် ပထမဆုရ စတုတ္ထတန်းမှ မသန္တာထွန်းအား ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

16-9 (05) 1 9/16/07, 3:35 AM

မန္တလေးမြို့ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာ ရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး) အတွက် ဩစတြေးလျနေ မိခင်ကြီး ဒေါ်ခင်ရီအား အမှူးထား၍ သမီး ဒေါ်ခင်မာလာအေး၊ ဒေါ်ခင်စန္ဒာအေး၊(မြေး) Andrew Aung Aye (မွေးနေ့အလှူ)၊ Kevin Aung Aye၊ မနဒီအောင်အေး၊ မောင်သန့်သီဟအောင်အေး၊ မငြိမ်းငြိမ်းအေးမိသားစုက ကျောင်းအလှူ ငွေကျပ်တစ်သိန်းလှူဒါန်းရာ အကျိုးဆောင်ဒေါ်ကေသက်မော် လက်ခံယူပြီး ကျောင်းဖြစ်မြောက်ရေး အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ (မြစ်ကျိုး)က ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်တော်မူစဉ်။ (က-ပ)

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၉)ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၁၅

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၉)တွင် သဘော်သား အသက်အာမခံအတွက် သိန်းတစ်ထောင် လျော်ကြေးပေးအပ်၊ မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းများ ရုရှားနိုင်ငံမှ ဝယ်ယူမည်၊ မြိတ်နယ်စပ်မှ ဇူလိုင်တွင်ကုန်သွယ်မှုပိုမိုတိုးမြင့်လာ၊ တစ်ပတ်အတွင်းပဲတန်ချိန်တစ်သောင်းကျော် တင်ပို့နိုင်၊ နေပြည်တော်ရှိ မြို့နယ် အချို့တွင် ဆန်ကုန်သည်များ အသင်းမှ ဆန်များရောင်းချနေ၊ ရန်ကုန်-နေပြည်တော်ခရီးစဉ် ယာဉ်လိုင်း တိမ်းမှောက်၍ ခရီးသွားအာမခံထားသူများ နစ်နာကြေးရ၊ ကချင်ပြည်နယ်အတွင်းရှိ ပလပ်မြေများတွင် ယုဇနကုမ္ပဏီမှ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်မည်၊ ပင်လယ်ရေမျက်နှာပြင်တိုင်းကိရိယာဥတိုချောင်းတံတားတွင် ပထမဆုံး တပ်ဆင်မည်၊ မီးလောင်မှု ဖြစ်ပွားပါက ၁၉၉ သာမက ၂၅၂၀၁၁ သို့ဆက်သွယ်နိုင်၊ FMIမှ စိုက်ပျိုးမြေဧက ၁၀၀၀၀၀ အနက် ၃၅၀၀၀ကျော် ဖော်ထုတ်ပြီးစသည့် သတင်းများအပြင် စိုးဝင်း(ချောက်)၏ ဒါမှ ငါ့သားကွဆောင်းပါး၊ ကျေးလက်နေ ပြည်သူများအတွက် မိုးကြိုး၏ ရေကိုလိုသည့်လူတိုင်းအတွက် ခြေနင်းရေတင်စက်၊ မြတ်ခိုင်၏ စာဖတ်သူနှင့် စာတတ်သူ၊ မြန်မာ-တရုတ် သတင်းမီဒီယာ ပန်းတံတား ခင်းနိုင်ခဲ့ပြီ၊ မောင်မြား၏ နိုင်ငံတကာရေးရာ သတင်းများ၊ မြို့ပေါ် ကျေးလက် ပွဲချစ်သူတို့အတွက်ကြိုးစားလို့ရှေ့ဆက်နေတဲ့ မိုးမင်း၊ ခေတ်နဲ့အမီအပြိုင်လုပ်နိုင်ဖို့ အရေးကြီးပါတယ်ဆိုတဲ့ ဝိုင်းစုခိုင်သိန်း၏ လက်ရှိအနုပညာလှုပ်ရှားမှုများနှင့် လူတိုင်းပြုံးပျော်စေဖို့ သဘောတွေ့မယ့် အသောအထေ့ဟာသများအပါအဝင် ကဏ္ဍစုံလင်စွာဖြင့် ဝေဝေဆာဆာထုတ်ဝေလိုက်သည်။

စာမူများပေးပို့လိုလျှင် စာတည်းမှူးချုပ် အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၃၈၂၀၇၀ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား တရုတ်ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကျီလင်းပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Yang Qingcai နှင့် အဖွဲ့သည် စက်တင်ဘာ ၁၃ ရက် ညနေ ၃ နာရီခွဲက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ လုပ်ငန်း၊ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေးနှင့် မျိုးကောင်းမျိုးသန့်လဲလှယ်အသုံးပြုရေး နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ဆည်ကန်များမှ ရေအားလျှပ်စစ် ထုတ်ယူအသုံးပြုရေးကိစ္စများ ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက (၂) ပုဇွန်တောင် အာစရိယပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၁၅

အထက (၂) ပုဇွန်တောင်တွင် ၁၉၆၆ခုနှစ်မှ ၁၉၉၂ခုနှစ်အထိ ပညာသင်ကြားပို့ချခဲ့ကြသော အသက် ၆၀ ပြည့်ပြီး အငြိမ်းစားဆရာ၊ ဆရာမကြီးများအား တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အထက (၂) ပုဇွန်တောင် တေဇခန်းမ၌ နိုဝင်ဘာ ၂၅ရက်တွင်ကျင်းပမည်ဖြစ်ရာ ကိုယ်တိုင်ပါဝင်ကန်တော့ခြင်းပြုနိုင်ရန်အတွက် ကျောင်းသူ၊ကျောင်းသားဟောင်းများအား ဖိတ်ကြားနိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေနှင့် ပစ္စည်းများကို လှူဒါန်းလိုပါက ဆရာဦးလှဖေ ဖုန်း-၆၆၆၄၂၇၊ ဆရာမ ဒေါ်တင်နွဲ့ ဖုန်း-၂၉၆၂၆၈၊ ဆရာမ ဒေါ်ခင်အေးမြ ဖုန်း-၀၉-၅၁-၂၄၃၄၇၊ ဦးအောင်ခင် ဖုန်း-၀၉-၅၀-၀၀၇၅၀၊ ဦးထွန်းဇော် ဖုန်း-၅၇၂၂၈၈၊ ဦးအောင်ကျော်မြင့် ဖုန်း-၂၉၁၅၅၃၊ ဦးအောင်ဝင်း ဖုန်း-၀၉-၅၀-၀၁၄၈၂၊ ဦးဇော်မင်းဦး ဖုန်း-၀၉-၅၀-၀၄၃၇၁၊ ဒေါ်ခင်မမ ဖုန်း-၀၉-၅၁-၂၇၇၁၀၊ ဦးကြည်စိန် ဖုန်း-၀၅၁-၄၀၃၉၉၊ ဒေါ်တင်တင်ဦး ဖုန်း-၂၉၁၅၇၆၊ ဒေါ်တင်မျိုးကျော် ဖုန်း-၂၉၂၀၈၆နှင့် ဦးထွန်းလင်း ဖုန်း-၀၉-၈၀-၂၁၅၉၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဟိုပန်မြို့နယ်အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်းစည်းဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ ပဒေသာကပွဲကို ဩဂုတ် ၃၀ရက် နံနက် ၁၀နာရီက အဆိုပါကျောင်း စာမဟာခန်းမတွင် ကျင်းပသည်။

ကျင်းပ

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်အင်နိဂျီးတောင်တို့က အမှာစကားပြောကြားကြပြီး ဘဏ္ဍာရေး ရှင်းတမ်းနှင့် ၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်နှစ်အတွက် မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားကို ဆက်လက်ကျင်းပသည်။

ဆုချီးမြှင့်

ဆက်လက်၍ အခြေခံမူလတန်းဆင့်၊ အလယ်တန်းဆင့်၊ အထက်တန်းဆင့် ဆုရသည့် ကျောင်းသူကျောင်းသား ၃၅ဦးနှင့်၂၀၀၇ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်သည့်ကျောင်းသား ကျောင်းသူကိုးဦးအား ဆုများချီးမြှင့်ပေးပြီး ငါးနှစ်ဆက်တိုက် ပထမဆုရ ကျောင်းသား မောင်အောင်ဘုန်းပိုင်နှင့် သုံးနှစ်ဆက်တိုက် ပထမဆုရ မောင်ဝေလင်းထိုက်၊ မသင်းသဇင်နှင့် မချောစုလှိုင်တို့အား ဂုဏ်ပြုဆုချီးမြှင့်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟိုပန်အထက မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်အင်နိဂျီးတောင် အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

လာရောက်တွေ့ဆုံ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jilinပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr.Yang Qingcaiနှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။

(လယ်/ဆည်)

ရန်ကုန်တက္ကသိုလ် ကြက်ခြေနီအသင်း စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်တက္ကသိုလ် ကြက်ခြေနီအသင်းကကြီးမှူး၍ (၄၈)ကြိမ်မြောက် သွေးလှူရှင်ဂုဏ်ပြုပွဲ၊ ၂၀၀၇ ခုနှစ် တတိယလေးလပတ် စုပေါင်းသွေးလှူပွဲနှင့် သက်ပြည့် အငြိမ်းစားယူမည့် တက္ကသိုလ်များ(ရန်ကုန်)ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြသန်းအား နှုတ်ဆက်ဂုဏ်ပြုပွဲကို စက်တင်ဘာ ၁၂ရက် နံနက်၉နာရီက တက္ကသိုလ်များဆေးရုံခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးမျိုးသန့်(တွဲဖက်ပါမောက္ခ ၊ မြန်မာစာဌာန) အမျိုးသားသွေးဌာန တာဝန်ခံဆရာဝန်ကြီး ဒေါက်တာသီတာအောင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြသန်းတို့က ဂုဏ်ပြုကျေးဇူးတင်စကားများပြောကြားကြပြီး တာဝန်ရှိသူများက ဂုဏ်ပြုလွှာ၊ ဂုဏ်ပြုလက်ဆောင်နှင့် အလှူရှင်များက သွေးလှူပွဲအတွက် ပံ့ပိုးလှူဒါန်းငွေများ ပေးအပ်ကြသည်။

စုပေါင်းသွေးလှူ

ထို့နောက် ရန်ကုန်တက္ကသိုလ်နှင့် ပညာရေးတက္ကသိုလ်တို့မှ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ၊ အမှုထမ်းအရာထမ်း မိသားစုဝင် ၆၃ဦးက စုပေါင်းသွေးလှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ညွှဲအဖွဲ့ တွေ့ဆုံ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၅

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ The Standing Committee of Jilin Provincial People's Congress P.R.China မှ Deputy Chairman, Mr. Yang Qingeai ဦးဆောင်သောအဖွဲ့သည် စက်တင်ဘာ၁၃ရက် ညနေပိုင်းက နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ညှိခန်းမသို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာ၌ ဝန်ကြီးနှင့်အတူ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ရေအားလျှပ်စစ်ထုတ်လုပ်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ဒဂုံမြို့နယ်ယောမင်းကြီးလမ်း အမှတ်၂၄(ဂ)နေ ဒေါ်နှင်းဖြူဖြူမြင့် (ခေတ္တကိုရီးယား) မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းတိပိဋကရေဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ် တစ်သိန်းကို အနုနာယက ဆရာတော်ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆–၉–၂၀၀၇ (တနင်္ဂနွေနေ့)

AM / PM

၇:၀၀ – ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ – ၁:၀၅	"နိဗ္ဗာန်ဆိုတာတကယ်ရှိတယ်" တရားတော် (ရွှေမိုးညိုဆရာတော် အရှင်ဇာနေယျ)
၈:၀၀ – ၂:၀၀	Sunday Talk(မျိုးမြတ်သူ၊ ကိုကို–စက်မှုတက္ကသိုလ်)
၈:၅၅ – ၂:၅၅	တေးဂီတအစီအစဉ်
၉:၀၀ – ၃:၀၀	ACTIVITIES IN THE CITY
၉:၂၀ – ၃:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀ – ၃:၃၀	တေးဂီတအစီအစဉ်
၉:၃၅ – ၃:၃၅	ကျောင်းသားလူငယ်နှင့်ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအောင်ထွဏ်း)
၁၀:၀၅ – ၄:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀ – ၄:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅ – ၄:၁၅	မြန်မာ့စပီရှုလိုင်းနား
၁၀:၃၀ – ၄:၃၀	မိုးလေဝသခန့်မှန်းချက်
၁၀:၃၅ – ၄:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀ – ၄:၄၀	ကျောက်ဆစ်ထွင်းထုပုံဖော်ပြု အနုမြတ်ပညာ
၁၀:၅၀ – ၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀ – ၅:၀၀	အကွက်လှလှ အဆင်ဆန်း မြန်မာ့ချည်ထည် ရက်ကန်း
၁၁:၁၅ – ၅:၁၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၁:၂၀ – ၅:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅ – ၅:၂၅	နိုင်ငံတကာ အနုပညာရေးရာ
၁၁:၅၅ – ၅:၅၅	အလင်းပေးတဲ့ခရီးစဉ် အပိုင်း(၁)
၁၂:၂၅ – ၆:၂၅	တေးဂီတအစီအစဉ်
၁၂:၃၀ – ၆:၃၀	EURO GOALS
၁:၀၀ – ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၅	Man City-Aston Villa	ESPN(Live)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၃၀	Juventus- Udinese	5-Cartoon (Live)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကျောင်းကျန်းမာရေးအထောက်အကူပြုလုပ်ငန်း စီမံချက်တစ်ခုဖြစ်သည့် ကျောင်းကျန်းမာရေးဆိုင်ရာနှင့် အမှိုက်အကြောင်း သိကောင်းစရာ ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းက ကမာရွတ်မြို့နယ် ပြည်လမ်းရှိ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး–ဌာနကြီးမှူးဒေါက်တာဒေါ်ခင်ဆန်းနွယ် တက်ရောက်အားပေးသည်။

ရှေးဦးစွာ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနန္ဒာထွန်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများအဖွဲ့ဝင် ဒေါက်တာဒေါ်သက်သက်ဇင်က ကျောင်းကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအကြောင်း ဟောပြောပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဦးစိုင်းစံဦးက အမှိုက်စွန့်ပစ်ခြင်း၊ အမှိုက်သိမ်းဆည်းခြင်းဆိုင်ရာ စည်းကမ်း၊ နည်းလမ်းများနှင့်ပတ်သက်၍ ဟောပြောသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး–ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ကျောင်းသန့်ရှင်းသာယာလှပရေးနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)(သတင်းစဉ်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် နတ်မောက်လမ်းနေ အငြိမ်းစား သံအမတ်ကြီး သတိုးမဟာသရေစည်သူ ဦးကြင်–ဒေါ်မြမေအား ရည်စူး၍ သား ဦးမြတ်သိန်း–ဒေါ်ညွန့်ညွန့်ရင်၊ သမီး ဒေါ်ခင်စန်းရင်နှင့် မြေးမြစ်များက သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရွှေကူမြို့ သန့်ရှင်းလှပရေး ပန်းအလှပင်များ စိုက်ပျိုး

ရွှေကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အဖွဲ့ပိုင်ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ ပန်းအလှပင်များ စိုက်ပျိုးထားရှိရာ ဩဂုတ် ၂၁ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးသန်းနိုင်နှင့်ဝန်ထမ်းများက အမှတ်(၄)ရပ်ကွက် ဗိုလ်ချုပ်လမ်းဘေးဝဲယာ ပန်းအလှပင်များ ပုံသွင်းခြင်း မြေယာရှင်းဆောင်ရွက်ခဲ့ရာ အမှုဆောင်အရာရှိ ဦးခင်အောင်နီက ကြပ်မတ် ဆောင်ရွက်ပေးကြောင်း သိရသည်။ (က–ပ)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ကုန်ထုတ်လမ်းများ ဖောက်လုပ်ပြီးစီး

ပဲခူးတိုင်း ရေတာရှည် အမှတ်(၆) သကြားစက်နယ်မြေတွင် ကြံဝယ်ယူရေးနှင့် သယ်ယူရေးလုပ်ငန်းများအတွက် ကြံစိုက်တောင်သူဦးကြီးများ အနေဖြင့် ကြံအဝယ်ဒိုင်များနှင့် စက်ရုံသို့ ကြံများရောင်းချရာတွင် လွယ်ကူချောမွေ့စွာ ရောင်းချနိုင်ရေးအတွက် ကုန်ထုတ်လမ်းများကို ရေတာရှည် အမှတ်(၆) သကြားစက်မှ တာဝန်ယူ၍ နှစ်စဉ် လမ်းများဖောက်လုပ်ပေးလျက်ရှိသည်။ ယခုနှစ် ၂၀၀၇–၂၀၀၈ ခုနှစ်တွင် အရှည် ၁ ဒသမ ၈၂ မိုင်ရှိ အုန်းပင်ကွေ့ကျေးရွာမှ မျက်နှာပြင်လမ်းအား လည်းကောင်း၊ အရှည် ၁ဒသမ၃၃မိုင်ရှိ ကျောက်အိုး ကုန်ထုတ်လမ်းအား လည်းကောင်း၊ အရှည်မိုင် ၃ ဒသမ ၄၂ မိုင်ရှိ ကျောက်ချောင်းကျေးရွာမှ ရေတာရှည်သို့ ကုန်ထုတ်လမ်းအားလည်းကောင်း၊ မြေသားလမ်းမကြီးများအဖြစ် စက်ယန္တရားကြီးများဖြင့် ဇွန် ၁၉ ရက်မှ ဇူလိုင် ၁၅ ရက်အတွင်း ကုန်ထုတ်လမ်းသုံးလမ်းကို ဖောက်လုပ်ပြီးစီးခဲ့သည်။ **(က–ပ)**

ရေဦးမြို့နယ်တွင် ဥပဒေပညာပေးဟောပြော

ရေဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၁ရက် မွန်းလွဲ ၃ နာရီက ရေဦးမြို့နယ် ထန်းတောကျေးရွာ(အမက)၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးခင်ထွန်း တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌဦးခင်ထွန်းနှင့် မြို့နယ်တရားသူကြီး ဒေါ်ခင်စိမ်းဝင်း၊ ဥပဒေအရာရှိ ဦးမြင့်လွင်ဦးတို့က တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေပညာပေးရေးဆိုင်ရာ ဟောပြော ဆွေးနွေးကြသည်။ **(မြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

ဘဝတွက်တာ ကျွမ်းကျင်စရာ ဆင့်ပွား သင်တန်းဖွင့်

အခြေခံပညာမူလတန်းအဆင့် ဘဝတွက်တာ ကျွမ်းကျင်စရာ(မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၂ရက် နံနက် ၈နာရီခွဲက စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မြို့နယ်ပညာရေးမှူးဒေါ်သန်းနွဲ့က သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းမှူး လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမင်းထိုက်က သင်တန်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်သန်းနွဲ့က သင်တန်းသား၊ သင်တန်းသူများအား လိုအပ်သည်များ မှာကြားသည်။ (မြို့နယ် ပြန်/ဆက်)

တီးတိန် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း နာယကဒိုင်း ဘောလုံးပြိုင်ပွဲ

ချင်းပြည်နယ်တီးတိန်မြို့နယ် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယကဒိုင်း မိုးရာသီဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၄ရက်က စကောလမ်းရပ်ကွက်ရှိ ကမ်းဟောက် အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက အဖွင့်အမှာစကားပြောကြားပြီး ဘောလုံးပြိုင်ပွဲကိုဆက်လက်ကျင်းပရာ ပွဲဦးထွက်ပွဲစဉ်အဖြစ် လွယ်ဘွာလ်းရပ်ကွက်နှင့် စကောလမ်းရပ်ကွက်တို့ ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါမိုးရာသီဘောလုံးပြိုင်ပွဲတွင် မြို့ပေါ်လေးရပ်ကွက် အပါအဝင် စုစုပေါင်းအသင်းကိုးသင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်။ **(မြို့နယ် ပြန်/ဆက်)**

တာချီလိတ်၌ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတားတည်ဆောက်

တာချီလိတ်မြို့ ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းတံတားများ ကောင်းမွန်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တာချီလိတ်မြို့ ဆန်ဆိုင်း(က)နှင့်(ခ)ရပ်ကွက် ဗိုလ်ချုပ်လမ်းဖြတ် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို တာချီလိတ်မြို့ မြို့မိမြို့ဖများက တည်ဆောက်လျက်ရှိရာ ဩဂုတ် ၁၈ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်သန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်တို့က ကွင်းဆင်းကြပ်မတ် ညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေးကြောင်း သိရသည်။ (က–ပ)

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် စိတ်ဓာတ်ရေးရာ မြင့်မားပြီး ကြိုးစား အားထုတ်မှုနှင့် တည်ငြိမ်မှုတို့ ၌ စံနမူနာယူလောက်စရာပင်ဖြစ်။

● ရှေ့ဖုံးမှ

မြန်မာအမျိုးသမီးဘောလုံးအသင်းက ထိုင်းအမျိုးသမီးဘောလုံးအသင်းကို နှစ်ကျော့နှစ်လီအနိုင်ယူပြီး ဒါမြန်မာဟု ပြသလိုက်ချိန်တွင် ပွဲကြည့်စင်ပေါ်၌လည်း လူကြီးလူငယ် ကျားမမရွေး ဒို့မြန်မာနိုင်ပြီး တေးသီချင်းနှင့်အတူ ကွေးနေအောင် ကကြရာ အားလုံး၏ မျက်လုံးအိမ်၌ ဝမ်းသာမျက်ရည်များ ရစ်ဝဲခဲ့ကြရလေသည်။ ထိုင်းအမျိုးသမီးဘောလုံးအသင်းသည် ဘောလုံးပညာကျွမ်းကျင်လှပါသည်ဟု မည်သို့ပင် သတင်းမွှေးသော်လည်း မြန်မာအမျိုးသမီးအသင်း၏ စိတ်ဓာတ်ကြံ့ခိုင်မှုနှင့်စည်းလုံးညီညွတ်မှုကို မယှဉ်နိုင်ဘဲ နှစ်ထပ်ရှုံးမှ မှတ်မိသွားရတော့သည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် စိတ်ဓာတ်ရေးရာ မြင့်မားပြီး ကြိုးစားအားထုတ်မှုနှင့်တည်ငြိမ်မှုတို့၌ စံနမူနာ ယူလောက်စရာပင်ဖြစ်သည်။

အထွတ်အထိပ်

၁၅–၉–၂၀၀၇ရက်၊ အချိန်က ညနေ ၅နာရီခွဲ၊ နေရာက ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၊ ပြိုင်ပွဲအမည်က ၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ။ ၆–၉–၂၀၀၇ရက်က စတင်ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲကြီး၏ အထွတ်အထိပ်ပွဲစဉ်ဖြစ်သော မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ထိုင်းအမျိုးသမီးဘောလုံးအသင်းတို့၏ ဗိုလ်လုပွဲစဉ်က မြန်မာပရိသတ်များ၏ မမေ့နိုင်သော သမိုင်းဝင်အောင်ပွဲဖြစ်ခဲ့ရသည်။

အုပ်စုပွဲစဉ်၌ မြန်မာအသင်းက ထိုင်းအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း ခြေစွမ်းအားဖြင့် ထိုင်းကသာသည်ဟု သုံးသပ်သူများ ရှိခဲ့ကြ၏။ သုဝဏ္ဏကွင်းပွဲကြည့်စင်ပေါ်မှ ပရိသတ်များနှင့် တီဗွီဖန်သားပြင်ရှေ့မှ ပရိသတ်များ၏ ရင်ထဲ၌ မြန်မာအမျိုးသမီးအသင်း၏ စိတ်ဓာတ်မြင့်မားမှုနှင့် ရေကုန်ရေခန်း ကြိုးစားမှုကို သိရှိထားပြီးဖြစ်ရာ အနိုင်ရမည်ကို ယုံကြည်မှုအပြည့် ရှိနေသည်။

ဦးဆောင်ဂိုး

ပွဲ၏ အရှိန်က မြင့်သထက်မြင့်လာလေပြီ။ ပွဲချိန်မိနစ်၉၀ပြီးဆုံး၍ အချိန်ပိုမိနစ်၃၀သို့ ခရီးပေါက်ခဲ့သည်။ အချိန်ပိုစ၍ မကြာမီ မြန်မာအသင်းအတွက် ခင်မိုးဝေက ဦးဆောင်ဂိုးသွင်းယူလိုက်ရာ ကွင်းလုံးပြည့်အားပေးနေကြသော ပရိသတ်များ၏ ဩဘာလက်ခုပ်သံမှာ ဘဝင်ညံသွားပြီး မြန်မာမြန်မာဆိုသောအသံများ မစဲအောင် ဖြစ်သွားသည်။

ခြေစွမ်းပြနိုင်

ထိုင်းအသင်းက ချေပဂိုးပြန်လည်သွင်းယူလိုက်သောအခါ ပရိသတ်များ၏ရင်ထဲ၌ စိုးရိမ်ပူပန်စရာဖြစ်ခဲ့သော်လည်း မြန်မာအမျိုးသမီးဘောလုံးသမားများက တစ်ဂိုးသွင်းလျှင် နှစ်ဂိုးထပ်သွင်းမည်ဟူသော စိတ်ဓာတ်ဖြင့် ပို၍အားထည့်လာခဲ့ကြ၏။ ပွဲထွက်တိုက်စစ်မှူး ဇင်မာဝင်းနှင့် မိုင်နီလာထွေးတို့ကို လူစားလဲ၍ ခင်မိုးဝေနှင့် မာဂရက်မေရီတို့ကို ကွင်းထဲထည့်လိုက်ရာတွင်လည်း အမာခံများနည်းတူ ခြေစွမ်းပြနိုင်ကြပေသည်။

အသက်ရှူမှားစရာ

အချိန်ပိုမိနစ်၃၀ ပြီးဆုံးသွားချိန်တွင် တစ်ဂိုးစီ သရေပွဲဖြစ်နေပြန်ရာ ပယ်နယ်တီ ငါးလုံးစီ ကန်သွင်းပြီး အဆုံးအဖြတ်ယူရသည့် အခြေဆိုက်ခဲ့သည်။ မြန်မာအသင်းသည် အစကောင်းသကဲ့သို့ အနှောင်းလည်း သေချာရမည်ဟူသော အားမာန်ဖြင့် ပယ်နယ်တီဘောလုံးများကို မတိမ်းမစောင်းဘဲ ဂိုးပေါက်ထဲကန်သွင်းကြလေရာ ပွဲကြည့်စင်ပေါ်မှ ပရိသတ်ကြီးသည် အနီရောင်လှိုင်းလုံးများပမာ တဝုန်းဝုန်းရိုက်ခတ်ပြီး အသက်ရှူမှားစရာဖြစ်ခဲ့ရသည်။

မြန်မာအမျိုးသမီးအသင်းအတွက် မိုးမိုးဝါ၊ သန်းသန်းထွေး၊ ခင်မာလာထွန်းနှင့် စန်းစန်းသိန်းတို့က အလှည့်ကျလျှင် မန္တ်စတမ်း ဂိုးသွင်းယူလိုက်ကြရာ ပဉ္စမမြောက်ပယ်နယ်တီကိုပင် ကန်စရာမလိုဘဲ ပွဲသိမ်းရတော့သည်။ ထိုင်းအသင်းမှ ဗွေဆော်ဦးပယ်နယ်တီ တစ်လုံးကိုသာဝင်အောင် ကန်သွင်းနိုင်ပြီး ဒုတိယနှင့် တတိယပယ်နယ်တီ ဘောလုံးများ ဂိုးဝင်ခဲ့ခြင်းမရှိချေ။ ထိုင်းအသင်း၏ ဒုတိယမြောက် ပယ်နယ်တီကန်သွင်းမှုကို ပွဲစဉ်တစ်လျှောက် လက်စွမ်းပြခဲ့သော ဂိုးသမားမေခင်ယမင်းက အမိအရဖမ်းပြခဲ့ပေ၏။

မျက်တောင် မခတ်တမ်း

မြန်မာအမျိုးသမီးအသင်းက ကွင်းအတွင်းမှ ပရိသတ်ကြီးအား နှုတ်ဆက်၍ အောင်ပွဲခံကြသလို ပရိသတ်ကြီးကလည်း ပွဲပြီးသော်လည်း ပြန်ဖို့မေ့နေကြပြီး မြန်မာအသင်း၏ အာဆီယံချန်ပီယံဆုဖလားကိုင်မြှောက် အောင်ပွဲခံမည့်မြင်ကွင်းကို မျက်တောင် မခတ်တမ်း စောင့်စားနေသည်။

ဆုပေးပွဲအခမ်းအနားက မြန်မာပြည်သူများအတွက် မင်္ဂလာအပေါင်းနှင့် ခညောင်းလှပါပေ၏။ ရှေးဦးစွာ အာဆီယံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr. Ravy Khek က ဗိုလ်လုပွဲစဉ်၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အမျိုးသမီးဒိုင်လူကြီးများအား ဂုဏ်ပြု ဆုပေးအပ်ချီးမြှင့်ပြီး အာဆီယံဘောလုံးအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ Mr.Pangiran Ha Ji Mafusin Matasan က အသန့်ရှင်း ဆုံးအသင်းဆုရရှိသော ဗီယက်နမ် အမျိုးသမီးဘောလုံးအသင်းအား ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်က တတိယဆုရရှိသော ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဒုတိယရရှိသော ထိုင်းအမျိုးသမီးဘောလုံးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်ဆုဖလား

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ပထမဆုရရှိသောမြန်မာအမျိုးသမီးဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်တံခွန်စိုက်ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်သည်။

ပွဲအပြီးတွင် မြန်မာအမျိုးသမီးဘောလုံးအသင်း အဖွဲ့ခေါင်းဆောင်နှင့် နည်းပြချုပ်တို့က ပြည်တွင်း ပြည်ပစာနယ်ဇင်း များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရှင်းလင်းပြောကြားသည်။

ထိုက်ထိုက်တန်တန်

မြန်မာအသင်း အဖွဲ့ခေါင်းဆောင် ဦးစိုးမြင့်လွင်က **"မိမိတို့အသင်း အုပ်စုပွဲစဉ်၌ ထိုင်းကို အနိုင်ရခဲ့သည်မှာ ကံကောင်း၍သာဖြစ်ကြောင်း၊ သို့သော်လည်း ယနေ့ပွဲစဉ်၌ အနိုင်ရသည်မှာ အမှန်တကယ်ခြေစွမ်းပြနိုင်ပြီး ထိုက်ထိုက်တန်တန်အနိုင်ရခြင်းဖြစ်ကြောင်း၊ အုပ်စုပွဲစဉ်၌ထိုင်းကိုအနိုင်ရခဲ့ပြီးနောက် ထိုင်းအသင်း၏ အားနည်းချက်ကို မိမိသိရှိခဲ့ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့ ယခုပွဲကို အသေအချာ ပြင်ဆင်ပြီး ကစားခဲ့ခြင်းဖြစ်ကြောင်း၊ လာမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ထိုင်းအသင်းနှင့် ပြန်လည်ဆုံတွေ့ပါက အိမ်ရှင် အသင်းဖြစ်နေ၍ သေချာပေါက်နိုင်ရမည်ဟု မပြောနိုင်သော်လည်းအဆင့်မြင့်မားစွာ ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း"** ပြောကြားသည်။

အားလုံးမြင်တွေ့ခဲ့ကြ

မြန်မာအသင်းနည်းပြချုပ် ဦးအေးကြူကြီးကလည်း **"မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပသည့် ပြိုင်ပွဲ၌ ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်သည့်အတွက် ပြောမပြတတ်အောင် ဝမ်းသာမိကြောင်း၊ အားကစားသမားများ အထူးကြိုးစား၍ အနိုင်ရခြင်းဖြစ်သည်ကို အထူးပြောစရာမလိုဘဲ အားလုံးမြင်တွေ့ခဲ့ကြပြီး ဖြစ်ကြောင်း၊ ထိုင်းအသင်းက တစ်ဦးချင်း ကျွမ်းကျင်မှုနှင့် ကစားကွက် ကောင်းမွန်သော်လည်း မိမိတို့အသင်း၏ အားသာချက်မှာ နောက်တန်းလူများနှင့် ဂိုးသမားပင်ဖြစ်ကြောင်း၊ အချိန်ပိုပယ်နယ်တီအထိ ရောက်နိုင်သည်ကို တွက်ဆထားသည့်အတွက် ပယ်နယ်တီလေ့ကျင့်မှုကို အထပ်ထပ်အခါခါ လေ့ကျင့်ထားကြောင်း၊ ပြိုင်ပွဲမတိုင်မီက မိမိတို့အသင်း အရန်အင်အားမကောင်းသည့် အချက်ကြောင့် လူစားလဲရာ၌ အတော်ချိန်ဆခဲ့ရကြောင်း၊ သို့သော်လည်း ယခုပြိုင်ပွဲ၌ အရန်လူများကလည်း အမာခံများနည်းတူ ကစားနိုင်ခဲ့ကြောင်း"** ပြောကြားသည်။

တာဝန်ယူဆောင်ရွက်

ထိုင်းအသင်းကို အနိုင်ရရှိပြီး အာဆီယံချန်ပီယံ ဆုဖလားကြီး ဆွတ်ခူးရရှိသွားသော မြန်မာအမျိုးသမီးဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးစိုးမြင့်လွင်(နည်းစနစ်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်အဖြစ် ဦးအေးကြူကြီး(ကာကွယ်ရေး)၊ လက်ထောက်နည်းပြအဖြစ် ဦးချစ်နိုင်(အား/ကာဦးစီးဌာန)၊ ဂိုးနည်းပြအဖြစ် ဦးကျော်တင့် (အား/ကာဦးစီးဌာန)၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာမော်လီချစ်(အား/ကာဦးစီးဌာန)တို့က တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံး အားကစားသမားများအဖြစ် **(ဂိုး)** မေခင်ယမင်း (ပြည်ထဲရေး)၊ သင်းသင်းစိုး(ပို့ဆောင်ရေး)၊ **(နောက်တန်း)** မြင့်မြင့်အေး၊ မိုးမိုးဝါ(ပို့ဆောင်ရေး)၊ ရွှေစင်အောင်(စက်မှု–၁)၊ စန်းစန်းသိန်း၊ စန်းစန်းမော်၊ စိမ်းချိုအောင်(ပြည်ထဲရေး)၊ **(အလယ်တန်း)** စုစုဝေ၊ ခင်မိုးဝေ(ပြည်ထဲရေး)၊ စန်းယုနိုင်၊ သန်းသန်းထွေး၊ အေးနန္ဒာလှိုင်(ပို့ဆောင်ရေး)၊ ငြိမ်းငြိမ်းအိ(ရန်ကုန်တိုင်း)၊ **(ရှေ့တန်း)** မိုင်နီလာထွေး(ပြည်ထဲရေး)၊ ခင်မာလာထွန်း(အား/ကာသိပ္ပံ မန္တလေး)၊ ဇင်မာဝင်း၊ မာဂရက်မေရီ(ပို့ဆောင်ရေး)တို့ ပါဝင်ကြသည်။

တက်လှမ်းခဲ့

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် အုပ်စု(ခ)၌ပါဝင်ခဲ့ပြီး စင်ကာပူအသင်းကို သုံးဂိုး–ဂိုးမရှိ၊ လာအိုအသင်းကို ခုနစ်ဂိုး–ဂိုးမရှိ၊ ထိုင်းအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိ၍ သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်၌ မလေးရှားအသင်းကို ငါးဂိုး–ဂိုးမရှိဖြင့် ပြတ်ပြတ်သားသားအနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်လှမ်းခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပွဲစဉ်မှ ဗိုလ်လုပွဲစဉ်အထိ ငါးပွဲယှဉ်ပြိုင်ကစားရာတွင် ပွဲချိန်ပြင်ပ ပယ်နယ်တီဂိုးများမပါ ၁၇ ဂိုးသွင်းယူနိုင်ပြီး တစ်ဂိုးသာ အသွင်းခံခဲ့ရသည်။ မြန်မာအသင်းအတွက် အေးနန္ဒာလှိုင်နှင့် ဇင်မာဝင်းတို့က လေးဂိုးစီ၊ ခင်မာလာထွန်း၊ မာဂရက်မေရီနှင့် ခင်မိုးဝေ တို့က နှစ်ဂိုးစီ၊ မိုးမိုးဝါနှင့်စုစုဝေ တို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ကြသည်။

တစ်ကျော့ပြန်ဆွတ်ခူး

တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသမီးဘောလုံးအသင်းက ထိုင်းအမျိုးသမီးဘောလုံးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့ခြင်းသည် အာဆီယံချန်ပီယံဆုဖလားကို တစ်ကျော့ပြန် ဆွတ်ခူးရယူနိုင်ခြင်းပင်ဖြစ်ပါကြောင်း သတင်းမြင်ကွင်းအဖြစ် တင်ဆက်ဖော်ပြလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

မြန်မာအမျိုးသမီးဘောလုံးအသင်း နိုင်ငံတော်အလံကိုင်ဆောင်၍ ကွင်းအဝှ… လှည့်လည်အောင်ပွဲခံကြစဉ်။

အောင်ပွဲရမြန်မာအမျိုးသမီးဘောလုံးသမားများ ချန်ပီယံဆုဖလားကိုင်မြှောက်၍… နှုတ်ဆက်ကြစဉ်။

မြန်မာအသင်းအတွက် ပထမပယ်နယ်တီဂိုးကို နောက်တန်းလူ မိုးမိုးဝါ က…

မြန်မာ့အောင်ပွဲ

❑ ကညာအလှ
နံ့သာမသဘဲ
မြန်မာမတို့ လာပြီနော် . . .။

❑ အရေးတယူ အလေးမူစရာပ့ါ
မနေ့အတူ ဖေးကူ အပေးအယူမျှစွာနဲ့
ကျွမ်းလှသဗျာ ကန်ပုံကနိပ်ပါလို့
အတို့အဆိတ်ရယ် အလိမ်အကောက်တွေနဲ့
ဗျူဟာမြောက် အကွက်ဆင်တဲ့အပြင်
အထွက်အဝင် သေသပ်ပါဘိ
တရစပ် တိုက်စစ်ဖော် . . .။

❑ သူလည်းလူ
ကိုယ်လည်းလူ ဇမ္ဗူတစ်လွှားမှာဖြင့်
လူချင်းတူ ဗိုလ်မထားပါဘု
ပျို့အားမှာ အောင်စိတ်သွင်းတဲ့ကာ
နောင်မယွင်း ဆောင်ကြဉ်း အောင်အသင်းကမ္ဘာဝေဖို့
မြန်မာမေ ရွှေလမ်းမပေါ်က
ခြေစွမ်းတဲ့ ပြသနော်
တော်ပါပေ့ အမျိုး . . .။

❑ နည်းပြနဲ့ ဆရာ အဆူဆူ
အစိုးရနဲ့ ပြည်သူက
အချီးကျူ အတူတူကူလျက်
ကြည်ဖြူစွာ ညီတူထောက်ကာနှင့်
စောင့်ရှောက်တာ အပြိုင်အဆိုင်ကြောင့်
ကြံ့ကြံ့ခိုင် ပိုင်နိုင်ခဲ့ပြီမို့
ပန်းတိုင်ဆီ လှမ်းကိုင်မည် စွမ်းနိုင်ပြီ မာန်တင်းလျက်
အမှန်မယွင်း ထန်ပြင်း စံကင်းမဲ့အောင်
(ဟော့)ကန်သွင်းတဲ့ **"ဂိုး"**. . .။ ။



မင်းယဉ်ခု

ဘောလုံးအသင်း နိုင်ငံတော်အလံကိုင်ဆောင်၍ ကွင်းအတွင်း
စဉ်။

ချန်ပီယံဆုဖလား တစ်ကျော့ပြန်ဆွတ်ခူး မြန်မာတို့၏ အားမာန်ကိုဖော်ကျူး ပြည်သူများ၏ သမိုင်းမှတ်တိုင်ထူး

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အား/ကာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့ အောင်ပွဲရမြန်မာအမျိုးသမီးဘောလုံးအသင်းနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။

မျိုးသမီးဘောလုံးသမားများ ချန်ပီယံဆုဖလားကိုင်မြှောက်၍ ပရိသတ်အားလှည့်လည်

တစ်ခဲနက် အားပေး

မြန်မာနှင့်ထိုင်း ဗိုလ်လုပွဲစဉ်ကို တစ်ခဲနက် အားပေးကြည့်ရှုနေကြသော ပရိသတ်၏ အားပေးမှုမြင်ကွင်း။

စတုတ္ထ ပယ်နယ်တီဂိုး

မြန်မာအသင်းအတွက် စတုတ္ထ ပယ်နယ်တီဂိုးကို နောက်တန်းလူ စန်းစန်းသိန်းက ကန်သွင်းယူစဉ်။

အတွက် ပထမပယ်နယ်တီဂိုးကို နောက်တန်းလူ မိုးမိုးဝါ ကန်သွင်းယူစဉ်။

စိတ်လှုပ်ရှားဖွယ်ရာမြင်ကွင်း

မြန်မာနှင့်ထိုင်းဗိုလ်လုပွဲစဉ်ကို တစ်ခဲနက်အားပေးကြည့်ရှုနေကြသော ပရိသတ်၏စိတ်လှုပ်ရှားဖွယ်ရာမြင်ကွင်း။

ဆုဖလားကိုင်မြှောက်

တိုက်စစ်မှူး ဇင်မာဝမ်းနှင့် တိုက်စစ်မှူး မိုင်နီလာထွေးတို့ ဆုဖလား ကိုင်မြှောက်၍ ပရိသတ်အား နှုတ်ဆက်ကြစဉ်။

ဂျပန်နိုင်ငံတောင်ပိုင်း ကူဆူကျွန်းရှိ တန်ဂါရှီမာ အာကာသစခန်းမှ ဒုံးပျံလွှတ်တင်လိုက်သည်ကို စက်တင်ဘာ ၁၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယူအေအီးမှ အဲအာရေဘီးယား လေကြောင်းလိုင်း နီပေါနှင့် ဘင်္ဂလားဒေ့ရှ်သို့ ဈေးနှုန်းချိုသာသော လေယာဉ်ခရီးစဉ်များ ပျံသန်းမည်

အဘူဒါဘီ စက်တင်ဘာ ၁၅

အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နိုင်ငံမှ အဲအာရေဘီးယားလေကြောင်းသည် လာမည့် စက်တင်ဘာ ၁ရက်မှစတင်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ချီတာဂွန်မြို့နှင့် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့များသို့ ဈေးနှုန်းချိုသာစွာဖြင့် လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းနေပြီဖြစ်ကြောင်း အီးမီရိတ်စ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့သို့ သီတင်းအပတ်စဉ် လေယာဉ်ခရီးစဉ် နှစ်ခုတိုးချဲ့ပျံသန်းပေးသွားမည်ဖြစ်သည်။ ထို့အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံချီတာဂွန်မြို့သို့သီတင်းတစ်ပတ်လျှင်လေယာဉ်ခရီးစဉ်သုံးခုထပ်မံ တိုးချဲ့ပျံသန်းပေးသွားမည်ဖြစ်သည်။

နီပေါနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် အဲအာရေဘီးယားလေကြောင်းလိုင်းအတွက် အရေးပါသည့် ဈေးကွက်များ ဖြစ်သည်။ ထို့အပြင် အနာဂတ်ကာလ၌လည်း လေကြောင်းခရီးစဉ်များ ထပ်မံတိုးချဲ့သွားမည် ဖြစ်သည်။

တိုးချဲ့ပျံသန်း

အဲအာရေဘီးယားသည် အခြားတောင်အာရှနိုင်ငံများသို့ ဈေးနှုန်းချိုသာသော လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းပေးသွားရန်လည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗင်နီဇွဲလားနိုင်ငံ၏ ၂၀၀၇ခုနှစ် အလှမယ်ပြိုင်ပွဲ၌ ရွေးချယ်ခံရသူ အလှမယ်တစ်ဦးကို စက်တင်ဘာ ၁၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘူလ်ဂေးရီးယားတွင် ဘိန်းဖြူ ၁၂၃ ကီလိုကျော် ဖမ်းမိ

ဆိုဖီယာ စက်တင်ဘာ ၁၅

ဘူလ်ဂေးရီးယား အကောက်ခွန်အရာရှိများသည် တူရကီနယ်စပ် စစ်ဆေးရေးဂိတ်တွင် ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ သန်းခန့်ရှိ ဘိန်းဖြူ ၁၂၃ ဒသမ ၆ကီလိုကို ဖမ်းမိခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

တင်ဆောင်

အီရန်မှ မူးယစ်ဆေးဝါးများကို တူရကီမှတစ်ဆင့် ကားအတွင်းဝှက်၍ တင်ဆောင်လာကြောင်း တွေ့ရှိရပြီးနောက် ယာဉ်မောင်းကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးရမိ

ဥရောပနှင့် အနောက်တောင်အာရှဒေသတို့အကြား မူးယစ်ဆေးဝါးမှောင်ခိုမှုပြုလုပ်ရာ အဓိကလမ်းကြောင်းများအနက်မှ တစ်ခုပေါ်တွင် တည်ရှိနေသော ဘော်လ်ကန်ဒေသရှိ ဘူလ်ဂေးရီးယားနိုင်ငံတွင် ယခုနှစ်အတွင်း ဘိန်းဖြူကီလို ၄၀၀ ကျော် ဖမ်းဆီးရမိခဲ့သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

ပြင်သစ်နှင့်လစ်ဗျားကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည်

ပါရီ စက်တင်ဘာ ၁၅

ပြင်သစ်နှင့် လစ်ဗျားနိုင်ငံတို့သည် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးနိုင်တော့မည်ဖြစ်ကြောင်း ပြင်သစ်သတင်းစာ လီကာနက်အင်ချိန်းက စက်တင်ဘာ၁၁ရက်၌ ဖော်ပြသည်။

ပြင်သစ်နှင့် လစ်ဗျားတို့သည် မိတ်ဆွေဖက်အဖြစ် ကာကွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်တော့မည်ဟု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘာနက်ကွတ်ချာက ထရီပိုလီမြို့တွင် လစ်ဗျားနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးအပြီး ပြောကြားသည်။

အကောင်အထည်ဖော်

ထို့အပြင် နှစ်နိုင်ငံတို့မှ ကျွမ်းကျင်သူများ အပြန်အလှန်လည်ပတ်ကြရေးနှင့် စစ်ဘက်ဆိုင်ရာ အသုံးအဆောင်များနှင့် ကာကွယ်ရေးနည်းပညာများ လစ်ဗျားသို့ပေးအပ်ရေးတို့အပေါ် သဘောတူညီခဲ့ကြကြောင်း အဆိုပါသတင်းစာ၌ ဖော်ပြသည်။ ထိုနှစ်နိုင်ငံ သဘောတူညီချက်ကို လာမည့် ၁၂လအတွင်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၃၇၇၄ဦး ရှိသွားပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နိုင်ငံခြားတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အမေရိကန်တပ်ဖွဲ့ဝင် ၁၁ဦး ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

ဖော်ပြ

ယင်းတိုက်ခိုက်မှုတွင် လက်နက်ငယ်များ၊ ဒုံးကျည်များဖြင့် ပစ်ခတ်ခြင်းဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမေရိကန် စစ်အခြေစိုက်စခန်းတွင် ယင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ အသေးစိတ်ဖော်ပြခြင်း မရှိသေးပေ။

၂၀၀၃ ခုနှစ်မှ စတင်ကာ အီရတ်သို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ဝင်ရောက် ကျူးကျော်ကတည်းက အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၃၇၇၄ဦး ရှိသွားပြီဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အထီးကျန်နေထိုင်ကာ စောစောသေဆုံးမှု မျိုးဗီဇတို့နှင့် ဆက်နွှယ်

ဝါရှင်တန် စက်တင်ဘာ ၁၅

တစ်ကိုယ်တော်အထီးကျန်နေထိုင်သူများသည် နာမကျန်းဖြစ်ကာ ငယ်ငယ်ရွယ်ရွယ်ဖြင့် သေဆုံးမှုပိုရှိကြောင်း၊ သူတို့၏ ကိုယ်ခံစွမ်းအားစနစ်များနှင့် ပတ်သက်၍ ဖော်ထုတ်ရမည်ဖြစ်ကြောင်း သုတေသီများက ပြောကြားသည်။

သုတေသီများက လူသား၏ မျိုးဗီဇ စုစုပေါင်းအမျိုးအစား ၂၂၀၀၀ကို လေ့လာ၍ နှိုင်းယှဉ်ကြည့်သည်။ တစ်ကိုယ်တော် အထီးကျန်နေသူများတွင် မျိုးဗီဇသက်ဝင်လှုပ်ရှားမှု၏ ထူးခြားသော ပုံစံများကို တွေ့ရသည်။ ၎င်းတို့အားလုံး လိုလိုပင် ကိုယ်ခံအားစနစ်တွင် ပါဝင်နေသည်ဟု ဆိုသည်။

(အင်တာနက်)

စင်ကာပူ၌ သွေးလွန်တုပ်ကွေးရောဂါဖြင့် အမျိုးသမီး ခုနစ်ဦးသေဆုံး

စင်ကာပူ စက်တင်ဘာ ၁၅

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သည့်ရက်သတ္တပတ်က သွေးလွန်တုပ်ကွေးရောဂါဖြင့် တရုတ်အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း၊ယခုနှစ်အတွင်း ၎င်းရောဂါကြောင့် သေဆုံးသူခုနစ်ဦးရှိသွားပြီဖြစ်ကြောင်း စင်ကာပူကျန်းမာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၁၂ရက်၌ သတင်းထုတ်ပြန်သည်။

ယင်းရောဂါဖြစ်ပွားပါက ကိုယ်အပူချိန် အပြင်းဖျားနာခြင်းနှင့် ကိုယ်လက်ကိုက်ခဲခြင်း ဝေဒနာကို ခံစားခဲ့ရပြီး ခန္ဓာကိုယ်စွမ်းအားကျဆင်းတတ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗီယက်နမ်နိုင်ငံသားများ ဟင်းသီးဟင်းရွက် ပိုမိုစားသုံး

ဟန္နိုင်း စက်တင်ဘာ ၁၅

လွန်ခဲ့သည့် နှစ်၂၀ကျော်မှ စတင်ကာ ဗီယက်နမ်နိုင်ငံသားများသည် တစ်နေ့လျှင် ဟင်းသီးဟင်းရွက် ဂရမ် ၂၀၀ခန့် နေ့စဉ်စားသုံးလာခဲ့ကြကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်ဟု ဗီယက်နမ်နိုင်ငံထုတ် မိသားစုနှင့် လူမှုအဖွဲ့အစည်း သတင်းစာက စက်တင်ဘာ၁၁ရက်၌ ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသားများအနေဖြင့် ၁၉၈၅ ခုနှစ်မှ ၂၀၀၅ခုနှစ်အကြား ဟင်းသီးဟင်းရွက်စားသုံးမှုမှာ ငါးဆ တိုးတက်လာပြီး ယခုအချိန်၌ ၂၄ဆ တိုးတက်လာခဲ့သည်။ ဗီယက်နမ်နိုင်ငံတွင် အဝလွန်မှုနှင့် ဆီစားသုံးမှုများ ယခင်ကထက် လေးဆတိုးမြင့်လာသော်လည်း ဟင်းသီးဟင်းရွက် စားသုံးမှုအနေအထားမှာ လျော့မသွားကြောင်း သိရသည်။

ဖော်ပြ

ထို့အပြင် ဟင်းသီးဟင်းရွက်များကို ကောင်းမွန်ဘေးကင်းစွာ ချက်ပြုတ်စားတတ်လေ့ရှိကြောင်း၊ အာဟာရတန်ဖိုးကို နားလည်သိရှိစွာ စားသုံးတတ်ကြကြောင်းလည်း အဆိုပါ သတင်း၌ဖော်ပြသည်။

ပိုမိုတိုးတက်

ဟင်းသီးဟင်းရွက် စားသုံးသူများမှာ ဗီယက်နမ်နိုင်ငံ ကျေးလက်ဒေသများတွင် ပိုမိုတိုးတက်များပြားလာကြောင်း ၎င်းသတင်း၌ ဆက်လက်ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၁၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မီးသတ်အဆောက်အအုံနှင့်ယာဉ်များ ဖွဲ့စည်းတည်ဆောက်ပြုပြင် ခေတ်မီမီးသတ်တပ်ဖွဲ့ဖြစ်ရေး ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)သို့ သွားရောက်ပြီး အစည်းအဝေးခန်းမ၌ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့်တာဝန်ရှိသူများအား တွေ့ဆုံသည်။

ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းက ပြည်နယ်နှင့်တိုင်းအလိုက် မီးသတ်ဦးစီးဌာန၏ မီးသတ်အဆောက်အအုံနှင့် မီးသတ်ယာဉ်များအခြေအနေ၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်နယ်နှင့်တိုင်းအလိုက် မီးသတ်အဆောက်အအုံနှင့်ယာဉ်များ ဖွဲ့စည်း တည်ဆောက် ပြုပြင်ရာတွင် ဒေသစည်ပင်ဖွံ့ဖြိုးမှုနှင့် လူနေသိပ်သည်းမှု အခြေအနေများကို သုံးသပ်၍ စနစ်တကျစီစဉ် ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စီမံချက်ချမှတ်၍ လုပ်ငန်းအဆင့်အလိုက်၊ ဦးစားပေးအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း၊ မီးသတ်စခန်းများနှင့် ပတ်ဝန်းကျင်တို့ သန့်ရှင်းသပ်ရပ်ရေး၊ စိမ်းလန်းစိုပြည်ရေးတို့အတွက် ဆောင်ရွက်ကြရန်နှင့် မိမိဦးစီးဌာန၏ ရည်မှန်းချက် တာဝန်များအောင်မြင်ရေး၊ ခေတ်မီသော မီးသတ်တပ်ဖွဲ့ဖြစ်ရေးတို့ အတွက် ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မီးသတ်ဦးစီးဌာန(ရုံးချုပ်) အလုပ်ရုံဌာနသို့ သွားရောက်၍ မီးသတ်ဦးစီး ဌာနမှ အင်ဂျင်နီယာများ တီထွင်ဆောင်ရွက်လျက်ရှိသည့် တစ်လုံးထိုးနှင့် နှစ်လုံးထိုးအင်ဂျင်တပ်ထော်လာဂျီ မီးသတ်ယာဉ်နှင့် တီအီးမီးငြိမ်းသတ်ယာဉ် တည်ဆောက်မှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြပြီးဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ရှိ(၅)ယူနစ် နှစ်ထပ်အဆင့်မြင့် မီးသတ်စခန်း တည်ဆောက်ရေးစီမံကိန်း (ဘုရင့်နောင် မီးသတ်စခန်း)သို့ သွားရောက်၍ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်း ပြည့်မီစွာဖြင့် ပြီးစီးအောင် ဆောင်ရွက်ကြရေးကို တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ မီးသတ်ဦးစီးဌာန(ရုံးချုပ်) အလုပ်ရုံဌာနတွင် တစ်လုံးထိုးနှင့် နှစ်လုံးထိုး အင်ဂျင်တပ် ထော်လာဂျီမီးသတ်ယာဉ်နှင့် တီအီးမီးငြိမ်းသတ်ယာဉ် တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။
(မီးသတ်)

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသည့် ကမ္ဘာ့ဝိပဿနာ စေတီတော်မြတ်ကြီးအတွက် စမ်းချောင်းမြို့နယ် ရှင်စောပုလမ်း အမှတ် ၈၆(အေ)နေ ဦးအောင်မြတ်ကို မိသားစုက အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အိန္ဒိယကိုယ်စားလှယ်အဖွဲ့ပြန်လည်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၅

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး General Officer Commanding - GOC.3 Corps, Lieutenant General,. Ms. Dadwal, AVSM, VSM နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးလည်ပတ်ပြီးနောက် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။ **(အောက်ပုံ)**

ပို့ဆောင်နှုတ်ဆက်

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Colonel, Manoj Mukund Narvane နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❖ *ဖင်လန်နိုင်ငံ ဟယ်ဆင်ကီးမြို့အနီး ဝေပေါင်တွင် စက်တင်ဘာ ၁၄ ရက်နံနက်က ရုရှားကုန်တင်လေယာဉ်တစ်စင်း ပေါက်ကွဲမှုဖြစ်ပွားပြီး ပျက်ကျခဲ့ကြောင်း၊ အဆိုပါလေယာဉ်ပျက်ကျမှုမှာ မတော်တဆဖြစ်ရပ်ကြောင့် ဟုတ်မဟုတ် စစ်ဆေးလျက်ရှိကြောင်း ဖင်လန်အာဏာပိုင်များက ပြောကြားသည်။*

❖ **တောင်ကိုရီးယားနိုင်ငံသည် လာမည့်နှစ်၌ ကိုယ်ပိုင်ဂြိုဟ်တုများ လွှတ်တင်နိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း၊ ကိုယ်ပိုင်ဒုံးပျံနှင့် ကိုယ်ပိုင်ဂြိုဟ်တုများကို အာကာသသို့ လွှတ်တင်တော့မည်ဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိများက စက်တင်ဘာ ၁၄ ရက်၌ ပြောကြားသည်။ ထို့အပြင် ဆိုးလ်မြို့တောင်ဘက်မိုင် ၂၉၀ အကွာ၌ အာကာသ မြေပြင်စခန်းတစ်ခုကိုလည်း တည်ဆောက်နေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။**

❖ *စပိန်နိုင်ငံ အင်ဒိုရန်မြို့တွင် စက်တင်ဘာ ၁၄ ရက်က ကင်းလှည့်မော်တော်ကားတစ်စီး၏အောက်တွင် အင်အားပြင်းထန်သောဗုံးတစ်လုံးကို မပေါက်ကွဲမီ ရှာဖွေတွေ့ရှိခဲ့ကြောင်း စပိန်ရဲတပ်ဖွဲ့က ပြောကြားသည်။*

❖ **နာဆာအဖွဲ့သည် ဒစ္စကာဗာရီအာကာသလွန်းပြန်ယာဉ်ကို နိုင်ငံတကာအာကာသယာဉ်စခန်းသို့ လာမည့် အောက်တိုဘာ ၂၃ရက်၌ လွှတ်တင်ရန်စီစဉ်ထားပြီး အဆိုပါဒစ္စကာဗာရီအာကာသလွန်းပြန်နှင့်အတူ အာကာသယာဉ်မှူးခုနစ်ဦး လိုက်ပါသွားမည်ဖြစ်ကြောင်း နာဆာက စက်တင်ဘာ ၁၅ရက်၌ သတင်းထုတ်ပြန်သည်။**

❖ *အင်ဂျင်တစ်လုံးတပ်လေယာဉ်ဖြင့် ကမ္ဘာပတ်ရန်ကြိုးစားနေသော လူစွန့်စား စတိဗ်ဖော့ဆက်ပျောက်ဆုံးနေမှုကို လိုက်လံရှာဖွေနေသော လေယာဉ်တစ်စင်း ပျက်ကျပြီး သေဆုံးနေသောလေယာဉ်မှူးသုံးဦးကို အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် ရီနိုမြို့မှမိုင် ၈၀ ခန့်အကွာ၌ စက်တင်ဘာ ၁၅ ရက်က ရှာဖွေတွေ့ရှိကြောင်း အမေရိကန် လေကြောင်းအာဏာပိုင်များက ပြောကြားသည်။*

❖ **အင်ဒိုနီးရှားနိုင်ငံတွင် မကြာမီက လှုပ်ခဲ့သော အင်အားပြင်းထန်သည့် မြေငလျင်ကြောင့် သေဆုံးသူဦးရေမှာ စက်တင်ဘာ ၁၅ ရက်နံနက်အထိ ၁၇ ဦးရှိပြီဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

❖ *အတ္တလန်တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ဆက်သွယ်သွားလာနိုင်သည့် ရေလမ်းခရီးပြ မြေပုံတစ်ခုကို ဥရောပအာကာသအေဂျင်စီက စက်တင်ဘာ ၁၅ ရက်၌ ထုတ်ပြန်ဖော်ပြလိုက်သည်။ အဆိုပါရေလမ်းခရီးစဉ်သည် အတိုဆုံးဖြစ်ကြောင်း ပထမဆုံးအကြိမ်ထုတ်ပြန်ခြင်းဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

❖ **တူရကီနိုင်ငံ အရှေ့မြောက်ပိုင်း တီရာဇွန်မြို့ ကမ်းလွန်တွင် စက်တင်ဘာ ၁၄ ရက်က မုန်တိုင်းမိပြီး ကုန်တင် သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ကြောင်း၊ အဆိုပါကုန်တင် သင်္ဘောမှာ ပနားမားနိုင်ငံမှဖြစ်ပြီး မော်တော်ကားများ တင်ဆောင်လာသည့် သင်္ဘောဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။** (ဝဲပုံ)

(အင်တာနက်)

NLD ပါတီခေါင်းဆောင်များအာဏာကိုမက်မော ကိုယ်ကျိုးအတ္တကြီးမားစွာလုပ်ဆောင်နေမှုကြောင့် စစ်ကိုင်းမြို့နယ်မှပါတီဝင်၁၇ဦးစုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၁၅

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးထွန်းထွန်း၊ ဦးသောင်းရန်၊ ဦးလှရွှေ၊ ဦးကံစိန်၊ ဦးထွန်းကြိုင်၊ ဦးကံမောင်၊ ဦးပြည့်ဝင်း၊ ဦးခင်စိုး၊ ဦးအေးထွန်းနှင့် ဦးတောက်တို့အပါအဝင် ပါတီဝင်၁၇ဦးသည် စက်တင်ဘာ၆ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကိုပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီခေါင်းဆောင်များသည် အာဏာကိုမက်မောပြီး အာဏာရရှိရေးကိုသာ အဓိကထား၍ ကိုယ်ကျိုးအတ္တကြီးမားစွာ လုပ်ဆောင်နေမှုကြောင့် ပါတီဝင်အဖြစ် ဆက်လက်လုပ်ကိုင်လိုစိတ်မရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း
လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

ကိုထွေး - စုစည်းတင်ဆက်သည် ၁၅-၉-၂၀၀၇

ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ Air Bagan ဘောလုံးအသင်းယှဉ်ပြိုင်မည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ ခုနှစ် ဘောလုံးရာသီ ပထမတန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲ၌ ပုဂ္ဂလိက အသင်း တစ်သင်းဖြစ်သော Air Bagan ဘောလုံးအသင်း ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်

ပထမတန်း ဘောလုံးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားသည့် VIVA ဘောလုံးအသင်းအား Air Bagan လေကြောင်းလိုင်း၏ အဓိကပံ့ပိုးမှုဖြင့် Air Bagan ဘောလုံးအသင်းဟု အမည်ပြောင်းလဲ၍ ယှဉ်ပြိုင်ခြင်းဖြစ်သည်။ VIVA အသင်းသည် ပထမတန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ၌ စာရင်းပေးသွင်းထားပြီးမှ ဝင်ရောက်မယှဉ်ပြိုင်ခြင်းဖြစ်သည်။

Air Bagan ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ယခင်ဘဏ္ဍာ/အခွန်ဘောလုံးအသင်း၏ တွဲဖက်နည်းပြအဖြစ် ဆောင်ရွက်ခဲ့သော ဦးအောင်ထွန်းဦးက တာဝန်ယူဆောင်ရွက်ပြီး မြန်မာ့လက်ရွေးစင်ဟောင်းနှင့် ဘဏ္ဍာ/အခွန်ဘောလုံးသမားဟောင်း မျိုးလှိုင်ဝင်းက နည်းပြ/ကစားသမား အဖြစ် တာဝန်ယူမည်ဖြစ်သည်။

Air Bagan ဘောလုံးအသင်းကို လူငယ်ဘောလုံးသမား အများစုဖြင့် အခြေခံဖွဲ့စည်းထားခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင်ဟောင်း မောင်မောင်ကြီး (စိုးမြင့်)လည်း ပါဝင်ကစားမည်ဖြစ်သည်။ Air Bagan အသင်းသည် စက်တင်ဘာ ၁၄ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေးသို့ အားကစားသမားများ စာရင်းကို တရားဝင်မှတ်ပုံတင်ပြီး ဖြစ်သည်။

Air Bagan အသင်းသည် ပွဲဦးထွက်အဖြစ် စက်တင်ဘာ ၁၉ ရက်တွင် Golden Hill အသင်းနှင့် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရန်ကုန်တိုင်း ကာယဗလမောင် လူရွေးမည်

(၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ရန်ကုန်တိုင်း ကာယဗလမောင် လူရွေးပွဲကို စက်တင်ဘာ ၂၃ရက် နံနက်၁၁နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံ လေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ကာယဗလမောင် ပြိုင်ပွဲတွင် ကီလို ၆၀ တန်း၊ ၆၅ ကီလိုတန်း၊ ကီလို ၇၀တန်း၊ ၇၅ ကီလိုတန်းနှင့် ၇၅ကီလို အထက်တန်းဟူ၍ ခွဲခြားယှဉ်ပြိုင်ရမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲနှင့်အတူ မိုးကေရီအလှမယ် အငယ်တန်းနှင့် အကြီးတန်းပြိုင်ပွဲကိုလည်း ပူးတွဲကျင်းပမည်ဖြစ်သည်။

ဗီယက်နမ်ဖိတ်ခေါ်(ယူ-၂၁)ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်အသင်းဝင်ရောက်ယှဉ်ပြိုင်မည်

ဗီယက်နမ်နိုင်ငံ၌ လာမည့် အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် ဗီယက်နမ်ဖိတ်ခေါ်(ယူ-၂၁) ဘောလုံးပြိုင်ပွဲ (The Thanh Nien International U-21 Football Championship)၌ အသက်(၂၁)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အမှတ်ပေးစနစ်

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင် ဗီယက်နမ်လူငယ်အသင်းနှင့်အတူ မြန်မာလူငယ်အသင်း၊ ထိုင်းလူငယ်အသင်း၊ စင်ကာပူလူငယ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲဝင်လေးသင်းသည် ပတ်လည်အမှတ်ပေးစနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်း ဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ပေးအပ်ချီးမြှင့်မည်

ဗီယက်နမ်ဖိတ်ခေါ်(ယူ-၂၁) ဘောလုံးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံရှိ Thanh Nien သတင်းစာက အဓိက အကုန်အကျခံ၍ ကျင်းပခြင်းဖြစ်ပြီး ဆုကြေးငွေ အမေရိကန်ဒေါ်လာနှစ်သောင်း ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာတိုက်ကွမ်ဒိုအဖွဲ့ တောင်ကိုရီးယားသို့ထွက်ခွာ

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုတင်ပြင်ဆင် လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒို အားကစားအဖွဲ့သည် တောင်ကိုရီးယားနိုင်ငံ၌ ပူးတွဲ လေ့ကျင့်မှုများ ပြုလုပ်ရန်အတွက် ယနေ့ ညပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တောင်ကိုရီးယားနိုင်ငံသို့ ထွက်ခွာသွားကြသည်။

ပြန်လည်ရောက်ရှိမည်

မြန်မာတိုက်ကွမ်ဒိုအားကစားအဖွဲ့သည် တောင်ကိုရီးယားနိုင်ငံ၌ ၅၃ ရက်ကြာ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ပြီး နိုဝင်ဘာ ၇ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

လေ့ကျင့်

မြန်မာတိုက်ကွမ်ဒိုအားကစားအဖွဲ့သည် တောင်ကိုရီးယားနိုင်ငံ၌ လေ့ကျင့်စဉ်ကာလအတွင်း ကိုရီးယား အလွတ်တန်း တိုက်ကွမ်ဒိုပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာတိုက်ကွမ်ဒိုအားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးမြဟန်၊ နည်းပြချုပ်အဖြစ် Mr. Yu In Cho၊ လက်ထောက် နည်းပြများအဖြစ် ဦးကျော်သန်းဦးနှင့် ဒေါ်ဝါဝါထွန်းတို့က တာဝန်ယူဆောင်ရွက်ကြသည်။

အမျိုးသားတိုက်ကွမ်ဒိုအားကစားသမားများအဖြစ် သူရကြည်၊ စအေးငြိမ်းချမ်း၊ စိုးမိုးလွင်၊ အောင်ငြိမ်းချမ်း၊ ဇေယျာလင်း၊ ဝဏ္ဏကိုကို၊ ဝင်းထွန်းလင်း၊ ဇာနည်ထွန်းနှင့် မောင်မောင်ဦးတို့ ပါဝင်ကြသည်။ အမျိုးသမီးတိုက်ကွမ်ဒိုအားကစားသမားများအဖြစ် ရွက်ဝါထွန်း၊ ဆန်းငုဝါစူး၊ မေစန္ဒာကျော်ဝင်း၊ စိုးစိုးမြ၊ အေးအေးခိုင်၊ စန္ဒာဝင်းနှင့် သီရိတင့်လွင်တို့ ပါဝင်ကြသည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်မှစတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပလျက်ရှိရာ စက်တင်ဘာ ၁၆ ရက်**(ယနေ့)**နံနက် ၈ နာရီတွင် အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ အုပ်စုပွဲစဉ်များနှင့် အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အားကစားဝန်ကြီးဖလားဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းအသင်းပယ်နယ်တီဖြင့်နိုင်

၂၀၀၇ ခုနှစ် (၈)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက်(၂၁)နှစ်အောက် (လူသစ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲစဉ်ကို စက်တင်ဘာ ၁၄ ရက် ညနေပိုင်းက စစ်ကိုင်းတိုင်း မုံရွာမြို့အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်တိုင်းအသင်းက တနင်္သာရီတိုင်းအသင်းကို ပယ်နယ်တီအဆုံးအဖြတ် ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်ကစားမည်

စက်တင်ဘာ ၁၆ရက် (ယနေ့) **နံနက် ၇နာရီခွဲတွင် တတိယနေရာလုပွဲအဖြစ် ကယားပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းအသင်း၊ ညနေ ၃ နာရီခွဲတွင် နောက်ဆုံးဗိုလ်လုပွဲစဉ် အဖြစ် ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။**

ဗီဒစ်ခေါင်းတိုက်ဂိုးဖြင့် မန်ယူသုံးမှတ်ရ ချဲလ်ဆီး၊ လီဗာပူးတို့သရေကျပြီး အာဆင်နယ်နိုင်ပွဲရ

လန်ဒန် စက်တင်ဘာ ၁၅

ပရီမီယာလိဂ်ပွဲစဉ်(၆)ကို စက်တင်ဘာ၁၅ရက်က ဆက်လက်ကစားရာ အဲဗာတန်နှင့်မန်ယူတို့ပွဲတွင် မန်ယူက တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရပြီး ပို့စ်မောက်နှင့်လီဗာပူးတို့ ဂိုးမရှိသရေပွဲဖြစ်ကာ စပါးနှင့်အာဆင်နယ်တို့ပွဲ၌ အာဆင်နယ်က သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားခဲ့သည်။

အဲဗာတန်နှင့်မန်ယူ

အဝေးကွင်း၌ အဲဗာတန်ကို အနိုင်ကစားရန် သေသေချာချာ ပြင်ဆင်လာသော ဖာဂူဆန်သည်

မန်ယူ နောက်ခံကစားသမား ဗီဒစ် အဲဗာတန်ဘက်သို့ ခေါင်းတိုက်ဂိုး သွင်းယူပြီး ဤသို့ အောင်ပွဲခံခဲ့သည်။
(ဓာတ်ပုံ-အင်တာနက်)

မန်ယူကို ၅း၄း၁ အခင်းအကျင်းဖြင့် ပွဲထွက်ခဲ့ရာ တိုက်စစ်တွင် တီဗက်ဇ် တစ်ဦးတည်းထားကာ ကွင်းလယ်၌ မိုက်ကယ်ကာရစ်၊ ပေါလ်စခိုးနှင့် တောင်ပံများ၌ ရိုင်ယန်ဂစ်နှင့်စီရိုနယ်ဒိုတို့ကို ထားရှိကစားစေခဲ့သည်။

အဲဗာတန်တိုက်စစ်တွင် ယာကူဘူနှင့် ဂျွန်ဆင်တို့အတွဲကို ထုတ်သုံးခဲ့ပြီး ၅း၃း၂ ဗျူဟာဖြင့် မန်ယူကို ရင်ဆိုင်ခဲ့သည်။ မန်ယူသည် ဘောလုံးပိုင်ဆိုင်မှုများများဖြင့် အဲဗာတန်ကို ဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့် အခွင့်အရေးများစွာလည်းရရှိခဲ့သည်။

ပေါလ်စခိုး၏ ၁၀ကိုက်အကွာမှ အပိုင်ကန်သွင်းချက်လွဲချော်ခဲ့သဖြင့် မန်ယူတို့ နစ်နာခဲ့ရသလို အဲဗာတန်တိုက်စစ်မှူး ဂျွန်ဆင်၏ ခေါင်းတိုက်သွင်းမှုလွဲခဲ့သဖြင့် မန်ယူတို့ သက်သာခဲ့ရခြင်း ဖြစ်သည်။

မန်ယူတိုက်စစ်မှူး တီဗက်ဇ် လွတ်လွတ်ကျွတ်ကျွတ် ထိုးဖောက်ကန်သွင်းခွင့်ရရန် ကြိုးစားခဲ့သော်လည်း အဲဗာတန် နောက်ခံလူ လက်စကော့ ဟန့်တားနိုင်ခဲ့သဖြင့် အရာမထင် ဖြစ်ခဲ့ရသည်။ ဖာဂူဆန်သည် ၄၁မိနစ်၌ နာနီ၊ ၆၃မိနစ်၌ ဂစ်အစား ဆာဟာတို့ကို ထည့်သွင်းကစားခဲ့ရာ ပွဲချိန် ၈၃မိနစ်တွင် မန်ယူတို့ ထောင့်ကန်ဘောရရှိရာ နာနီဂိုးရှေ့သို့ အမြောက်ကန်တင်ပေးလိုက်သည့် ဘောလုံးကို ဗီဒစ်က ခေါင်းတိုက်သွင်းယူသွားခဲ့သဖြင့် မန်ယူတို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ပို့စ်မောက်နှင့် လီဗာပူး

ပီတာခရေ့ချ်နှင့် ဗိုရှိနင်တို့ တိုက်စစ်အတွဲကို ထုတ်သုံးခဲ့သော ဘင်နီတက်ဇ်သည် လူစုံထုတ်ကစားစေခဲ့သော်လည်း ပို့စ်မောက်ကို အဝေးကွင်း၌ အနိုင်မယူနိုင်ခဲ့ချေ။ ပို့စ်မောက် တိုက်စစ်မှူး ကနူးနှင့် အမ်ဝါရှုဝါရီတို့ထက် လီဗာပူးတိုက်စစ်မှူးများက ၁၅ ကြိမ် အပိုင်ကန်သွင်းခွင့် ရရှိခဲ့သော်လည်း တစ်ဂိုးမျှမရရှိခဲ့ချေ။

၃၂ မိနစ်တွင် ပို့စ်မောက်တို့ ပယ်နယ်တီရရှိခဲ့သော်လည်း တိုက်စစ်မှူးကနူး၏ ကန်သွင်းချက်ကို လီဗာပူးဂိုးသမား ရေးနာက ကာကွယ်နိုင်ခဲ့သဖြင့် ပို့စ်မောက်တို့ နစ်နာခဲ့ရသည်။ ထို့အတူ ပီတာခရေ့ချ်နှင့် ဘီနာယောင်တို့၏ အပိုင်ကန်သွင်းမှုများကိုလည်း ပို့စ်မောက်ဂိုးသမား ဒေးဗစ်ဂျိမ်းက ကာကွယ်နိုင်ခဲ့သဖြင့် လီဗာပူးတို့ ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။

ဘင်နီတက်ဇ်သည် ၆၂ မိနစ်၌ ပီတာခရေ့ချ်အစား တောရက်စ်၊ ၆၇ မိနစ်၌ ပင်းနန့်အစား ဂျရတ်နှင့် ၇၇ မိနစ်၌ အလွန်ဆိုအစား ဘာဘယ်လ်တို့ကို အစားထိုး ကစားစေခဲ့သော်လည်း ရလဒ်မထူးခြားခဲ့သဖြင့် ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ရခြင်းဖြစ်သည်။

ယခုပွဲ၌ လီဗာပူးမှ အလွန်ဆို၊ ဆစ်ဆိုကိုတို့ အဝါကတ်ပြခံရသလို ပို့စ်မောက်မှလည်း ဘောဘာ၊ ဂျွန်ဆင်နှင့် ဒေးဗစ်တို့လည်း အဝါကတ်ပြခံခဲ့ရသည်။ လီဗာပူးတို့ အဝေးကွင်း၌ ပို့စ်မောက်ထံမှ တစ်မှတ်သာရယူနိုင်ခဲ့သည်။

စပါးနှင့် အာဆင်နယ်

အာဆင်နယ်တို့ အဝေးကွင်း၌ စပါးကို အနိုင်ကစားပြီး သုံးမှတ်အပြည့် ရယူနိုင်ခဲ့သည်။ စပါးသည် အိမ်ကွင်း၌ အာဆင်နယ်ကို မာမာတင်းတင်း တုံ့ပြန်ကစားခဲ့ရာ ပွဲချိန် ၁၅မိနစ်၌ စပါးနောက်ခံလူ ဘာလီက အလွတ်တည်ကန်ဘောမှ တစ်ဆင့် အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။

အာဆင်နယ်တို့ ပထမပိုင်းပွဲချိန်အတွင်း ချေပဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်းပွဲချိန် ၆၅မိနစ်မှသာ တိုက်စစ်မှူး အဒီဘာယောကတစ်ဂိုး၊ မိနစ် ၈၀တွင် ဖာဘရီဂက်စ်က တစ်ဂိုးနှင့် မိနစ်၉၀၌ အဒီဘာယောကပင် တစ်ဂိုးထပ်မံသွင်းယူခဲ့၍ အာဆင်နယ်တို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

ဘာမင်ဂမ်	**၁-၀**	**ဘောလ်တန်**
ဆန်းဒါးလန်း	**၂-၁**	**ရက်ဒင်း**
ဝက်စ်ဟမ်း	**၃-၀**	**မစ်ဒယ်ဘရော့**
ဝီဂန်	**၁-၁**	**ဖူလ်ဟမ်**
ချယ်လ်ဆီး	**၀-၀**	**ဘလက်ဘန်း။**

(အင်တာနက်)

စပါးနောက်ခံလူ ဘာလီအလွတ်တည်ကန်ဘောမှတစ်ဆင့် အာဆင်နယ်ဘက်သို့ ဂိုးသွင်းယူပြီး ဤသို့ အောင်ပွဲခံခဲ့ကြသော်လည်း...။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

အေစီမီလန်တို့ ပွဲချောင်၊ ဂျူဗင်းတပ်စ်တို့ ရုန်းကန်ရမယ့် စီးရီးအေပွဲစဉ်(၃)

ရောမ စက်တင်ဘာ ၁၅

စီးရီးအေပွဲစဉ်(၃)ကို စက်တင်ဘာ ၁၆ရက်(ယနေ့)မှာ ဆက်လက်ကစားမှာဖြစ်ပါတယ်။ ယူရိုခြေစစ်ပွဲတွေအတွက် ကလပ်အသင်း အတော်များများက ဘောလုံးသမားများ မိခင်အသင်းတွေမှာ ကစားခဲ့ကြလို့ ပွဲပန်းနေကြသလို ထိခိုက်ဒဏ်ရာတွေလည်းရရှိခဲ့ကြလို့ အခုစီးရီးအေအသင်းတွေ အကျပ်အတည်းကာလကို ကျော်ဖြတ်ရမယ့် အနေအထားရှိနေပါတယ်။

ဆီနာနှင့် အေစီမီလန်

ဒီနှစ်ခြေစွမ်းမပြနိုင်တဲ့ ဆီနာကို စီးရီးအေဖလားမှန်းနေတဲ့ အေစီမီလန်တို့ အဝေးကွင်းဆိုပေမယ့် အနိုင်ကစားမယ့်ပွဲပါပဲ။ ဆီနာဟာ နှစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲတစ်ပွဲမှ မရသေးပါဘူး၊ နောက်တန်းခံစစ်ပိုင်းဟာ အားနည်းပြီး တစ်ဖက်အသင်းတိုက်စစ်ကို ဟန့်တားတဲ့အခါ အမှားအယွင်းတွေ လုပ်တတ်တာမို့ ဆီနာတို့ရှုံးပွဲတွေကြုံနေရတာပါ။

အေစီမီလန်ဟာ နှစ်ပွဲကစားပြီးချိန်မှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်တွေနဲ့ တန်းစီဇယား တတိယနေရာမှာ ရှိနေလို့ ဒီပွဲကိုတော့ အနိုင်ကစားမှာဖြစ်ပါတယ်။ အေစီမီလန်တိုက်စစ်မှူးတွေဖြစ်တဲ့ မူတူး၊ ရိုနယ်ဒိုတို့ရှိပေမယ့် ရိုနယ်ဒိုဒဏ်ရာ ထပ်ရနေပြန်တာကြောင့် ပါဝင်ဖို့မသေချာပါဘူး။ အေစီမီလန်အသင်းဟာ ဒီနှစ်မှာ ရှေ့တန်းနဲ့ နောက်တန်း အားကောင်းတဲ့ အနေအထားရှိပါတယ်။ တိုက်စစ်၊ ခံစစ်မျှအောင်ကစားနိုင်တာမို့ စီးရီးအေဖလားမှန်းနေပေမယ့် ခြေစွမ်းက ဒီထက်ပိုကောင်းရပါလိမ့်မယ်။ ဆီနာကွင်းမှာ အေစီမီလန်တို့ နှစ်ပွဲဆက်တိုက် ဂိုးပြတ်သွင်း အနိုင်ယူထားဖူးတာမို့ အခုပွဲလည်း အေစီမီလန်တို့ အနိုင်ရရှိမယ်လို့ မြင်နေပါတယ်။

အင်တာမီလန်နှင့်ကာတာနီးယား

လက်ရှိချန်ပီယံ အင်တာမီလန်ဟာ အခုထိမနှစ်ကခြေစွမ်းကို မမီသေးပါဘူး။ ပြီးခဲ့တဲ့ ပွဲစဉ် (၂) အဝေးကွင်းမှာ အမ်ပိုလီကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပေမယ့် ခြေသာတာက အမ်ပိုလီတို့ပါပဲ။ ကံတရားဖေးမမှုကြောင့် အင်တာမီလန်တို့ အနိုင်ရရှိခဲ့တာပါ။ အခု ကာတာနီးယားကို အဝေးကွင်းမှာ အင်တာမီလန်တို့ အလေးအနက်ထား ကစားရပါလိမ့်မယ်။

ဒီနှစ်မှာ ပေါင် ၉သန်းခွဲနဲ့ ခေါ်ယူထားတဲ့ ဆွာဇို၊ ပေါင်၁၀သန်း ကျော်နဲ့ ခေါ်ယူထားတဲ့ ချီဗူးတို့က အင်တာမီလန်ကို ဒီပွဲမှာ အကျိုးပြုပါလိမ့်မယ်။ အီဘရာဟင်မိုဗစ်နဲ့ ဗီအဲရာတို့ပွဲပန်းနေပေမယ့် အင်တာမီလန်တို့ ကာတာနီးယားကို အနိုင်ကစားပြီး သုံးမှတ်အပြည့် ရယူနိုင်မယ်လို့ ယုံကြည်နေပါတယ်။

အင်တာမီလန်မှာ ခြေစွမ်းပြနေသည့် ဆွာဇို။ (ဓာတ်ပုံ-အင်တာနက်)

ဂျူဗင်းတပ်စ်နှင့် အူဒီးနိစ်

အတန်းပြန်တက်လာတဲ့ ဂျူဗင်းတပ်စ်ဟာ ဒီနှစ်စီးရီးအေဖလားကို အင်တာမီလန်လက်က ရယူဖို့ ကြိုးစားနေပြီဖြစ်ပါတယ်။ ဂျူဗင်းတပ်စ်ဟာ နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံး အနိုင်ရထားသလို တိုက်စစ်မှူးတွေကလည်း ဂိုးသွင်းစံချိန် မြင့်မြင့်မားမား သွင်းယူထားနိုင်ကြပါတယ်။

ဂျူဗင်းတပ်စ်ဟာ ဒီနှစ်မှာ အယ်ကွင်တာ၊ အယ်မီရွန်၊ တီယာဂိုနဲ့ အန်ဒရာဒီတို့ကို ပေါင်သန်း ၃၀နီးပါး အကုန်အကျခံပြီး ခေါ်ယူ အားဖြည့်ထားတာမို့ စီးရီးအေမှာ ခြေစွမ်းအထက်မြက်ဆုံးအသင်းဖြစ်နေပါတယ်။ ဂျူဗင်းတပ်စ်တိုက်စစ်မှူး ထရီဇီဂေးကလည်း ဟက်ထရစ်တွေ သွင်းယူနေတာကြောင့် ဒီနှစ်နောက်တန်း အားနည်းတဲ့ အူဒီးနိစ်ကို ဂိုးပြတ်သွင်းနိုင်မှု ရှိ၊မရှိ စောင့်ကြည့်ရမှာပါပဲ။ ဒီပွဲမှာတော့ ဂျူဗင်းတပ်စ်ဘက်က ပြတ်ပြတ်သားသား ရပ်လိုက်ချင်ပါတယ်။

ရက်ဂျီးနားနှင့် ရိုးမား

အိမ်ကွင်းမှာ ကစားရခက်တဲ့ ရက်ဂျီးနားကို ရိုးမားတို့ ဘယ်လိုကျော်ဖြတ်မလဲဆိုတာ စိတ်ဝင်စားစရာပါပဲ။ ပြီးခဲ့တဲ့နှစ်ကြိမ် ဆုံတွေ့မှုမှာတော့ တစ်ပြန်စီ နိုင်ပွဲတွေ ရရှိထားပါတယ်။ ဒီနှစ်မှာ ရိုးမားခြေစွမ်းက ထက်မြက်နေတာမို့ ရက်ဂျီးနားကို အနိုင်ကစားနိုင်ပါလိမ့်မယ်။ ရိုးမားတိုက်စစ်မှူး တော့တီ ကစားနိုင်ရင်တော့ အိမ်ကွင်းဖြစ်ပေမယ့် ရက်ဂျီးနားတို့ မလွယ်ပါဘူး။ နှစ်ပွဲဆက်သရေပွဲဖြစ်နေတဲ့ ရက်ဂျီးနားဟာ ထက်မြက်တဲ့ တိုက်စစ်နဲ့ သိပ်သည်းတဲ့ ခံစစ်ကြောင်း ပိုင်ဆိုင်ထားတဲ့ ရိုးမားကို အနိုင်ကစားဖို့ဆိုတာ အခွင့်အရေး နည်းပါးလွန်းပါတယ်။

ဖီအိုရင်တီးနားနှင့် အတ္တလန္တာ

ဒီပွဲက အကြိတ်အနယ် နွှဲရမယ့်ပွဲပါပဲ။ နှစ်သင်းစလုံး နှစ်ပွဲကစားပြီးချိန်မှာ ရလဒ်တွေ တူနေပါတယ်။ တိုက်စစ်၊ ခံစစ်မှာ ဖီအိုရင်တီးနားတို့က သာလွန်နေပါတယ်။အတ္တလန္တာအသင်းဟာ ခြေစွမ်းထက်မြက်တဲ့ အသင်းဖြစ်ပေမယ့် အိမ်ကွင်းမှာ ၂၀၀၃ ခုနှစ်ကတည်းက ရှုံးပွဲမရှိသေးတဲ့အတွက် အတ္တလန္တာတို့ အနိုင်ယူဖို့ ဆိုတာကတော့ အိပ်မက်ဆန်သလို ဖြစ်နေပါတယ်။ ဒီပွဲက သရေဖြစ်ဖို့များနေပြီး အကြိုက်က ဖီအိုရင်တီးနားပါပဲ။

ပါးမားနှင့် ကက်ဂလီယာရီ

ပြီးခဲ့တဲ့ နှစ်ကြိမ် ဆုံတွေ့ခဲ့ဖူးတဲ့ မှတ်တမ်းမှာ ပါးမားတို့က နှစ်ကြိမ်စလုံး အနိုင်ရရှိထားပါတယ်။ ဒါပေမယ့် ပါးမားရဲ့ ဒီနှစ်ခြေစွမ်းက စိတ်တိုင်းမကျသေးပါဘူး။ တိုက်စစ်၊ ခံစစ် အားရစရာမရှိပေမယ့် ကက်ဂလီယာရီကတော့ဒီနှစ်မှာ ခြေတက်လာပါတယ်။ စီးရီးအေဖလားယူမယ်လို့ ကြွေးကြော်ထားတဲ့ ဂျူဗင်းတပ်စ်ကို ခြေရည်တူကစားနိုင်တဲ့အပြင်အသာစီးကထိန်းချုပ်နိုင်ခဲ့တဲ့ အသင်းပါ။ အဆုံးသတ်တွေ အားနည်းခဲ့လို့သာ ရှုံးခဲ့ရခြင်းဖြစ်ပါတယ်။ အခုပါးမားရဲ့ကွင်းမှာဆိုပေမယ့် ကက်ဂလီယာရီကို ပိုပြီး သဘောကျပါတယ်။

စီးရီးအေဖလား ရယူဖို့ ကြိုးစားနေသည့် ဂျူဗင်းတပ်စ် နည်းပြ ရာနီယာရီ။

(ဓာတ်ပုံ-အင်တာနက်)

ပါလာမိုနှင့် တိုရီနို

နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံး သရေဖြစ်နေတဲ့ တိုရီနိုကို ပါလာမိုတို့ အိမ်ကွင်းမှာ အနိုင်ယူနိုင်တဲ့ ခြေစွမ်း ရှိပါတယ်။ ပါလာမိုရဲ့ အားနည်းချက် ခံစစ်ပိုင်းပါပဲ။ ပါလာမိုဟာ ခံစစ်ပိုင်းကို မပြုပြင်ရင်တော့ ဇွဲ့သည် တိုရီနိုရဲ့ ပညာပေးခြင်းကို ခံသွားရနိုင်ပါတယ်။ ပါလာမိုအတွက် အားကိုးစရာက တိုက်စစ်အပိုင်းပါ။ ပါလာမိုတိုက်စစ်မှူးတွေက အခက်အခဲကြားက ဂိုးသွင်းနိုင်တာကြောင့် သဘောကျတာကတော့ ပါလာမိုပါပဲ။ ဒါပေမယ့် ဒီပွဲက သရေလဲဖြစ်သွားနိုင်တဲ့ပွဲပါ။

ဂျီနိုအာနှင့် လီဗော်နို

နှစ်သင်းစလုံးကတော့ခြေရည်တူနေကြတဲ့ အသင်းတွေပါပဲ။ဂျီနိုအာက တိုက်စစ်အားနည်းသလို လီဗော်နိုရဲ့ ခံစစ်ကြောင်းကလဲ စီးရီးအေမှာတော့ အနိမ့်ဆုံးအဆင့်မှာ ရှိနေပါတယ်။ ပြီးခဲ့တဲ့ နှစ်ကြိမ်ဆုံတွေ့မှု မှတ်တမ်းမှာ နှစ်သင်းစလုံး တစ်ကြိမ်စီ အနိုင်ရရှိထားတယ်ဆိုပေမယ့် ယခုပွဲမှာ လီဗော်နိုထက် အိမ်ရှင်ဂျီနိုအာကို ပိုကြိုက်ပါတယ်။ ။

(ကိုးကား-အင်တာနက်)

ကိုးကားတင်ပြသူ မောင်မောင်မြင့်ဆွေ

မန်ယူ တိုက်စစ်မှူး ရွန်နေ။

(ဓာတ်ပုံ-အင်တာနက်)

မန်ယူတွင် ရွန်နေ မကြာမီပြန်ကစားနိုင်မည်

လန်ဒန် စက်တင်ဘာ ၁၅

မန်ယူ တိုက်စစ်မှူး ရွန်နေသည် ခြေထောက်ကျိုးရာမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားလိုက်သည်။အသက် ၂၁နှစ်ရှိ တိုက်စစ်မှူး ရွန်နေသည် ပရီမီယာလိဂ်အဖွင့်ပွဲစဉ် ရက်ဒင်းအသင်းနှင့်ကစားရာတွင် ခြေထောက်ကျိုးခဲ့ခြင်း ဖြစ်သည်။

ပြန်လည်ကစားမည်

ယခုအခါ ရွန်နေသည် လေ့ကျင့်ရေးကွင်း၌ ကောင်းကောင်းကစားနေပြီဖြစ်ကြောင်း၊ မကြာမီပြန်ကစားနိုင်လိမ့်မည်ဖြစ်ကြောင်း နည်းပြဖာဂူဆန်က ပြောကြားသည်။ အနီကတ်ကြောင့် ပွဲပယ်ခံထားရသော စီရိုနယ်ဒိုသည်လည်း အသင်းသို့ ပြန်လာပြီဖြစ်ကြောင်း၊ ဂယ်ရီနဗီးလ်သည်လည်း ပြန်လည်ကစားနိုင်တော့မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သို့ရာတွင် နောက်တန်းလူ ဖလက်ချာသည် ယူရိုခြေစစ်ပွဲတွင် စကော့တလန်အသင်း၌ ပါဝင်ကစားခဲ့ရာ ဒဏ်ရာရထားသဖြင့် ခြောက်ပတ်ကြာ အနားယူဆေးကုသမှု ခံယူရမည်ဟု ဆိုသည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ-မြင့်မောင်စိုး

မိုက်ကယ်အိုဝင်နှင့်အတွဲညီသည့် ဟက်စကီး အင်္ဂလန်အသင်း၌ ပုံမှန်နေရာရသင့်ဟုဆို

လန်ဒန် စက်တင်ဘာ ၁၅

မကြာမီက ယူရိုခြေစစ်ပွဲနှစ်ပွဲတွင် အင်္ဂလန်အသင်းမှ ပါဝင် ခြေစွမ်းပြခဲ့သော တိုက်စစ်မှူး ဟက်စကီးက ၎င်း၏ တိုက်စစ်မှူးနေရာကို ပုံမှန်ရသင့်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ခြေစွမ်းပြ

အသက် ၂၉နှစ်ရှိ ဟက်စကီးသည်အစ္စရေးနှင့် ရုရှားအသင်းတို့ကို အင်္ဂလန်အသင်းက အနိုင်ကစားရာတွင် ပါဝင်ခြေစွမ်းပြ ကစားခဲ့သည့် တိုက်စစ်မှူး ဖြစ်သည်။ ၎င်းသည် သုံးနှစ်တာ နိုင်ငံ့လက်ရွေးစင် ကစားသမားအဖြစ်မှ အနားယူခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် အင်္ဂလန်အသင်းတွင် ပါဝင်ကစားခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်တိုက်စစ်မှူး ဟက်စကီး။

(ဓာတ်ပုံ-အင်တာနက်)

ကောင်းမွန်လာ

တိုက်စစ်မှူး ဟက်စကီးသည် ပြီးခဲ့သော အစ္စရေး၊ ရုရှားတို့နှင့် ယှဉ်ပြိုင်ရာတွင် မိုက်ကယ်အိုဝင်နှင့် အချိတ်အဆက်မိမိ ခြေစွမ်းပြကစားနိုင်ခဲ့သည်။ သို့ရာတွင် ရွန်နေသည် အောက်တိုဘာလ၌ အက်စတိုးနီးယားနှင့် ကစားမည့်ပွဲအတွက် ခြေထောက်ကျိုးရာမှ ပြန်လည်ကောင်းမွန်လာပြီ ဖြစ်သည်။

ကစားပေး

ယင်းကိစ္စကြောင့် အခက်အခဲဖြစ်နေကြောင်း၊ မိမိအနေဖြင့် လာမည့်ပွဲစဉ်များတွင် အင်္ဂလန်အသင်းအတွက် ထိုက်တန်စွာ ကစားပေးသွားလိုကြောင်း ဟက်စကီးက ဆိုသည်။

(အင်တာနက်)

မိုက်ကယ်ဘောလက်အား ရောင်းမည်မဟုတ် ချယ်လ်ဆီး အမှုဆောင်အရာရှိချုပ်ပြောကြား

လန်ဒန် စက်တင်ဘာ ၁၅

ဂျာမနီအသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်အား ရောင်းချမည်မဟုတ်ကြောင်း ချယ်လ်ဆီး အမှုဆောင်အရာရှိချုပ် ပီတာကင်ယွန်းက အခိုင်အမာ ပြောကြားလိုက်သည်။

အခိုင်အမာပြောကြား

အသက်၃၀ရှိ အဆိုပါ ကွင်းလယ်ကစားသမားအား ရီးရဲမက်ဒရစ် နည်းပြ ဘန်ရှူးစတားကခေါ်ယူရန် ကြိုးစားခြင်းကို ပီတာကင်ယွန်းက တုံ့ပြန်ပြောကြားလိုက်ခြင်း ဖြစ်သည်။ မိုက်ကယ်ဘောလက်သည် ချယ်လ်ဆီးအသင်း၏ ချန်ပီယံလိဂ် ပြိုင်ပွဲတွင် ဒဏ်ရာရထားသဖြင့် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း ပီတာကင်ယွန်းက အခိုင်အမာ ပြောကြားလိုက်သည်။

ဇူလိုင်လက ခြေမျက်စိ ခွဲစိတ်ခံထားသဖြင့် အသင်းမှထွက်ခွာရန်အထိ စိတ်ပျက်မိကြောင်း ဘောလက်က ဝန်ခံပြောကြားသည်။

၎င်းသည် ဖေဖော်ဝါရီလ ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲများ မတိုင်မီ ဥရောပပြိုင်ပွဲများ၌လည်း ကစားနိုင်မည်မဟုတ်ပေ။ **(အင်တာနက်)**

ချယ်လ်ဆီး ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (၂/၂၀၀၇)ကြိမ်မြောက် ချိပ်ပိတ်တင်ဒါနှင့်ပတ်သက်၍ ကြေညာချက်

ဤသတင်းစာမှ ၃၀–၈–၂၀၀၇၊ ၃၁–၈–၂၀၀၇နှင့် ၁–၉–၂၀၀၇ရက်များတွင် ကြေညာခဲ့သော မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ မော်တော်ယာဉ်/စက်ယန္တရားအဟောင်းများ ချိပ်ပိတ်တင်ဒါဖြင့် ရောင်းချမည်ဖြစ်သည့် (၂/၂၀၀၇)ကြိမ်မြောက် ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့် **၁၈–၉–၂၀၀၇ရက်**ကို ခေတ္တရွှေ့ဆိုင်းပါကြောင်းနှင့် ဖွင့်လှစ်မည့်ရက်ကို ကြိုတင်၍ ထပ်မံကြေညာမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ယာဉ်/ယန္တရားဟောင်းများရောင်းချရေးအဖွဲ့
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း။

ဘာ သာ စုံ ဂုဏ်ထူး ရှင် တို့ ၏ မှီ ခို အား ထား ရာ
ဦးညွှန့်လွင် B.Sc (Phy), M.Sc (Thesis)
ရူပဗေဒသီးသန့်
အမှတ် (၁၈၆)၊ဆိပ်ကမ်းသာလမ်း(လယ်)၊ ☎ 253205, 09-510-8309
(၅၈၃)၊ဓာတ်ကလမ်း၊ ၁၆/၄ရပ်ကွက်၊ သဃ်္ဃန်းကျွန်း၊ 09-510-8310

သမားတော်ကြီး ဒေါ်ခက်ခက်နွယ် (တိဗက်)

အမှတ် ၁၆၅၊ ပထပ်၊ ယုဇနပလာဇာရှေ့၊ မအူကုန်းမီးပွိုင့်အနီး၊ ရန်ကုန်၊ ဖုန်း–၀၉–၅၁–၇၂၆၅၈၊ ၀၉–၅၀၀–၈၈၅၆။
အရိုး–အကြော–အဆစ်–ကြွက်သားထုံကျဉ် ကိုက်ခဲရောဂါများ အချိန်တိုအတွင်း ပျောက်ကင်းရန် ကုသပေးသည်။

(တိဗက်ဆေးစွမ်းကောင်းများ)
(၁) အရိုးကျီးပေါင်း–လေးဖက်နာပျောက် စားဆေး
(၂) ဒဏ်ကျေလိမ်းဆေး (အဆီအခဲ)
(၃) (ပန်းပွင့်အားတိုးဆေး) အားအင်ကုန်ခန်း စိတ်ညှိုးနွမ်းမှုများ ပျောက်ကင်းစေသည်။

အဝိဇ္ဇာန်ခုနစ်ရက်တရားစခန်းကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ စက်တင်ဘာ ၂၃ ရက်မှ ၃၀ရက်အထိ အဝိဇ္ဇာန်ခုနစ်ရက် တရားစခန်းကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ကျင်းပသွားမည်ဖြစ်ရာ တရားစခန်းပွဲတွင် ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်း) အရှင်သူမြတ်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာတရားတော်များ ချီးမြှင့်ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ စက်တင်ဘာ ၂၂ရက်(စနေနေ့)ညနေ၅နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်အတူ လာရောက်စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများလှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မှော်ဘီမြို့နယ်၌နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲနှင့် သာသနာ့ဝင်စိစစ်ရေးကတ်ပြားဆက်ကပ်ပွဲများကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ဗဟိုစိုက်ပျိုးရေးသုတေသနခြံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်း၊ မှော်ဘီတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးစန်းယု၊ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဖေယျ၊ မြောက်ပိုင်းခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ အနောက်ပိုင်းခရိုင် ဒုတိယဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦး၊ ရန်ကုန်မြောက်ပိုင်းခရိုင်မြို့နယ်များမှ မြို့နယ်ဦးစီးဌာနမှူးများ၊ မှော်ဘီမြို့နယ် ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်ရပ်မိရပ်ဖများတက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်းက နိုင်ငံသားအရည်အချင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်း၊ မှော်ဘီတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးစန်းယုနှင့်တာဝန်ရှိသူများက နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ကတ်ပြားပေးအပ်

ယင်းအခမ်းအနားတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူ ၅၃၂၁ဦးအား နိုင်ငသားစိစစ်ရေးကတ်ပြား ပေးအပ်ခဲ့သည်။ ဆက်လက်၍ ရန်ကုန်တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်းနှင့်အဖွဲ့သည် မှော်ဘီမြို့နယ် အင်းလျှက်ကျေးရွာအုပ်စု ရေပြာကျေးရွာ သာသနာ့ဝန်ဆောင်ကျောင်းတိုက်၌သာသနာဝင်စိစစ်ရေးကတ်ပြား ဆက်ကပ်ပွဲကို မွန်းလွဲ ၂နာရီတွင် ဆက်လက်ကျင်းပရာ အခမ်းအနားသို့ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တဂုဏိသရ၊ သာသနာ့ဝန်ဆောင် ကျောင်းတိုက်ပဓာနနာယကဆရာတော် တိုင်းသံဃနာယကအဖွဲ့ဝင် (ရွှေကျင်) ဘဒ္ဒန္တစန္ဒသီရိ၊ မှော်ဘီမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်) ဆရာတော် ဘဒ္ဒန္တမေဓာသာရနှင့် ဆရာတော်သံဃာတော်များ၊ သာမဏေများ၊ ဧည့်ပရိသတ်များတက်ရောက်ကြသည်။

ဆက်ကပ်

အခမ်းအနားတွင် သာသနာဝင်စိစစ်ရေးကတ်ပြား ၁၇၅ကတ်ကို ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်ဖေယျက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တဂုဏိသရထံ ဆက်ကပ်သည်။

ဆက်လက်၍ တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး၊ ဒုတိယတိုင်းဦးစီးဌာနမှူး၊ မြောက်ပိုင်းခရိုင်ဦးစီးဌာနမှူးနှင့် ဧည့်ပရိသတ်များက လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဟသ်ာတအသင်း ဆွမ်းလောင်းကြမည်

ရန်ကုန် စက်တင်ဘာ ၁၅

၂၀၀၇ခုနှစ် (၃၄)နှစ်မြောက် မိုးသံဃဒါန ဆွမ်းလောင်းလှူရန်အတွက် ဟသ်ာတအသင်းတိုက် အမှတ် ၁၈၄–၁၈၆ (၄၅)လမ်းမှ စက်တင်ဘာ ၁၈ရက် နံနက် ၆နာရီတွင် မော်တော်ယာဉ်များထွက်ခွာမည်ဖြစ်ရာ လိုက်ပါလိုသူ အသင်းသူ အသင်းများနှင့် မိတ်ဆွေများ ဦးသန်းဦး ဖုန်း–၂၅၃၁၁၀ သို့ဆက်သွယ်နိုင်သည်။ **(က–ပ)**

သန်လျင်မြို့နယ်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၇)ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်တိုင်း သန်လျင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၇)နှင့်ဆေးပဒေသာပင် အလှူငွေပေးအပ်ပွဲကို ယနေ့နံနက် ၉နာရီတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မြင့်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအုန်းမြင့်တို့က အမှာစကားပြောကြားကြပြီး ဖြိုးစေတနာ အခမဲ့ဆေးခန်းအတွက်ဆေးပဒေသာပင်အလှူငွေများကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ တိုင်းကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများက လက်ခံကြသည်။**(အပေါ်ပုံ)**

ထို့နောက် သန်လျင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၇)ကို ကျင်းပရာ သဘာပတိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်မင်းက အမှာစကားပြောကြားပြီး မြို့နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို တင်သွင်း၍ ကိုယ်စားလှယ်များက အကြံပြုထောက်ခံဆွေးနွေးကြသည်။ အကြံပြုချက်များနှင့်စပ်လျဉ်း၍ မြို့နယ်အသင်းအလုပ်အမှုဆောင်အဖွဲ့က ပြန်လည်ရှင်းလင်းဖြေကြားပြီး ရှေ့လုပ်ငန်းစဉ်များကိုချမှတ်၍ သဘာပတိက အစည်းအဝေး၏ အတည်ပြုချက်ကိုရယူကာ အစည်းအဝေးကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်တင်ဘာ ၁၃ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စမ်းချောင်းမြို့နယ်ရုံးသို့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် 101 Hair Regrow Centreဆံပင်ကျန်းမာရေးဝန်ဆောင်မှုဌာနကိုယ်စား မန်နေဂျာ ဦးကျော်ကျော်နိုင်မှ မဂ္ဂဇင်းမျိုးစုံ ၁၈အုပ်နှင့် စာစောင်မျိုးစုံ ၇၇၅စောင်ကိုလှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းငွေက လက်ခံယူစဉ်။
(မြို့နယ် ပြန်/ဆက်)

အဝိဇ္ဇာန်တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်တိုင်း လှည်းကူးမြို့ ငါးဆူတောင် ၅ရပ်ကွက်တွင် ထေရဝါဒဗုဒ္ဓသာသနာတော် သန့်ရှင်း–တည်တံ့–ပြန့်ပွားရေးအဖွဲ့(သန့်–တည်–ပွား)၏ မြင့်မြတ်အလင်းရိပ်သာ ပရမတ္ထဓမ္မာရုံဖွင့်ပွဲနှင့် (၂၄)ကြိမ်မြောက် အဝိဇ္ဇာန်တရားစခန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင်ကျင်းပရာ ဆရာဦးမြင့်လွင်နှင့်ယောဂီ ၃၀၀ခန့် တက်ရောက်ကြသည်။

(၂၅)ကြိမ်မြောက် ကိုးရက်အဝိဇ္ဇာန် တရားစခန်းကို စက်တင်ဘာ ၂၁ရက်မှစ၍ ရွှေတိဂုံစေတီတော်အရှေ့ဘက် အမှတ်(၁၅) ကြားတောရလမ်း တိပိဋကဓမ္မရက္ခိတဗိမာန်တော်တွင် ကျင်းပမည်ဖြစ်ရာ စခန်းဝင်လိုသူများ ရုံးအဖွဲ့ ဖုန်း–၀၁–၃၈၂၁၁၁၊ ၇၂၇၂၂၃တို့သို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

■ **ကျောဖုံးမှ**

ထို့အပြင် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ အများအပြား တက်ရောက်ဝယ်ယူနိုင်စေရန် ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာဌာနများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ဆက်သွယ်

၂၀၀၇ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသားကျောက်မျက်လုပ်ငန်းရှင်များ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၇ခုနှစ် စက်တင်ဘာ ၁၅ရက်မှ အောက်တိုဘာ ၂၁ရက်အတွင်း သတ်မှတ်ချက်များနှင့်အညီ စိစစ်လက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

၁၆–၉–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မြစ်ရေကြီးမှုကြေညာချက်

နေပြည်တော် စက်တင်ဘာ ၁၅

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ မော်လိုက်မြို့တွင် ၁၃၃၅စင်တီမီတာနှင့် ကလေးဝမြို့တွင် ၁၆၃၉စင်တီမီတာသို့ အသီးသီးရောက်ရှိနေကြပြီး စိုးရိမ်ရေမှတ်အထက်၌ မော်လိုက်မြို့တွင် ၁၀၅စင်တီမီတာနှင့် ကလေးဝမြို့တွင် ၈၉စင်တီမီတာကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း မော်လိုက်မြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ ၁၂၃၀နှင့် ကလေးဝမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၅၅၀အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် စင်တီမီတာ ၈၂၀သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၈၇၀သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေး ရေစုကန် ဖြစ်သော အတ္ထုရုံ(၁) ရေစုကန်မှ မြို့တွင်းသို့ စနစ်တကျ ရေပေးဝေမှုကို စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ) ဦးခင်လတ်နှင့် ဒုတိယညွှန်ကြား ရေးမှူးချုပ်(အင်/ယာ)ဦးစိုးကိုကိုတို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးဆွေနှင့် အင်ဂျင်နီယာမှူး ဦးမျိုးဝင်းတို့က ရေစုဆောင်းပေးဝေမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (၁၆၈)

ဖလမ်း၌ ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားနှင့် ဆေးဝါးထောက်ပံ့

ဖလမ်း စက်တင်ဘာ ၈

ချင်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါသည် တွဲဖက်အတွင်းရေးမှူး ဒေါ်မေရီ၊ ဖလမ်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မို့မို့တင်ဦး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မွန်မွန်ခင်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဩဂုတ် ၂၃ ရက် မွန်းတည့် ၁၂နာရီက ဖလမ်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ကျင်းပသော အိုင်အိုဒင်းဆားအကြောင်း သိကောင်းစရာများ ဟောပြောပွဲနှင့် ဆေးဝါးများလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှင်းလင်း

အခမ်းအနားတွင် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝါဝါက အမှာစကား ပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဒေါ်မေရီက အိုင်အိုဒင်းဆား သုံးစွဲခြင်းအကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားသည်။

ထောက်ပံ့

ထို့နောက် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါက တက်ရောက်လာကြသော ကိုယ်ဝန်ဆောင်မိခင် ၅၀တို့အား အိုင်အိုဒင်းဆားနှင့် ဆေးဝါးများ ထောက်ပံ့လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဩဂုတ် ၉ရက်က မြဝတီခရိုင် ပေါ်လောကျေးရွာနှင့် သံပုရာကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ မြဝတီခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်အုံးသွင်က စာအုပ်၊ စာစောင်၊ မဂ္ဂဇင်း အုပ်ရေ ၂၀၀ နှင့် သတင်းစာများ ပေးအပ်လှူဒါန်းစဉ်။ (ခရိုင်ပြန်/ဆက်)

မြို့နယ်သတင်းများ

တောင်ငူခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ မိခင်နို့စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ် ၂ ရက်က မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေအေးက အမှာစကားပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ဓနုဖြူ၌ ရေလုပ်ငန်းရှင်များ ငါးမျိုးပြုန်းတီးမှုကာကွယ် ရေပြင်အနှံ့ ငါးပုစွန်များ တိုးတက်ပွားများရေး ပညာပေး

ဓနုဖြူ စက်တင်ဘာ ၁၂

ဧရာဝတီတိုင်း မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ဓနုဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်ကာ ဓနုဖြူမြို့နယ်အတွင်းရှိ ရေလုပ်ငန်းရှင်များ ငါးမျိုးပြုန်းတီးမှုကာကွယ်ရေးနှင့် ရေပြင်အနှံ့ ငါးပုစွန်များ တိုးတက်ပွားများလာစေရေး အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၈ရက် နံနက် ၉နာရီက ဓနုဖြူမြို့နယ် အကျော် ကျေးရွာအုပ်စု၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းအောင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအုန်းဝင်းနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်(ဓနုဖြူမြို့နယ်)ဥက္ကဋ္ဌ ဦးသန်းရွှေနှင့် ငါးလုပ်ငန်း အမှုဆောင်များ၊ ဒေသအတွင်းရှိ ငါးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အပြန်အလှန်ဆွေးနွေး

အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းအောင်က ဒေသအတွင်း ငါးမျိုးပြုန်းတီးမှုကာကွယ်ရေး၊ ရေပြင်အနှံ့ ငါးပုစွန်များ တိုးပွားစေရေးကို အပြန်အလှန် ဆွေးနွေးပြောကြားပြီး မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအုန်းဝင်းက လုပ်ငန်းရှင်များ ငါးလုပ်ငန်း လုပ်ကိုင်ရာတွင် ငါးပုစွန်များ ပိုမိုတိုးတက် ထုတ်လုပ်ထွက်ရှိနိုင်ရေး ဆောင်ရွက်ရန် လိုအပ်ပုံများ၊ တားမြစ်ထားသည့် ဘက်ထရီလျှော့(ကျင်စက်)ဖြင့် ငါးဖမ်းခြင်း မပြုရေး၊ အဆိပ်အမျိုးမျိုးနှင့် ဆေးချ ငါးဖမ်းခြင်း မပြုရေး၊ မြို့နယ်အတွင်းရှိ အင်းများ၊ အင်းနယ်နိမိတ် ကျောက်တိုင်များ စနစ်တကျ စိုက်ထူရေးကို အသေးစိတ် ဆွေးနွေးကြသည်။ **(အောက်ပုံ)**

ရှင်းလင်း

ထို့နောက် တက်ရောက်လာသူ ရေလုပ်ငန်းရှင်များ၏ မေးမြန်းမှုများကို ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူးနှင့် မြို့နယ် ငါးလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌ တို့က ပြန်လည်ရှင်းလင်း ဆွေးနွေးကြကြောင်း သိရသည်။ **(ဝ၈၅)**

ဆဒုံးမြို့၌ နယ်လှည့်စာကြည့်တိုက်ဖွင့် စာဖတ်ခြင်း အကျိုးကျေးဇူးများ ဆွေးနွေး

ဆဒုံး ဩဂုတ် ၂၀

ကချင်ပြည်နယ် ဆဒုံးမြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့် ပညာပေးဟောပြောပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက ဆဒုံးမြို့ ကုထောင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက အဖွင့်အမှာစကား ပြောကြားသည်။

ဟောပြော

ထို့နောက် ဆဒုံးမြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဖွဲ့စည်းပုံနှင့် မိခင်နို့တိုက်ကျွေးရခြင်း အကျိုးကိုလည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဂျော်နီက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို လည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ကြည့်ရှုအားပေး

အဆိုပါအဖွဲ့သည် ကျေးရွာပြည်သူများက သုတရသစာအုပ်များ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ ဖတ်ရှုလေ့လာနေမှုအား ကြည့်ရှုအားပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(မြို့နယ် ပြန်/ဆက်)**

ယင်းမာပင် ကြံခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး

ယင်းမာပင် ဩဂုတ် ၃၀

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီက အဆိုပါရုံး၌ကျင်းပရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်အောင်စိုးက နှစ်ပတ်လည် သင်းလုံးကျွတ် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး တက်ရောက်လာကြသော ကျေးရွာအုပ်စု ၂၅ အုပ်စုတို့မှ စည်းရုံးရေးရာ၊ စီမံရေးရာ၊ စီးပွားရေးရာ၊ ပညာရေးရာ၊ လူမှုယဉ်ကျေးရေးရာများကို ကဏ္ဍအလိုက် အစုအဖွဲ့များ တွေ့ရှိချက်များကို တင်ပြအကြံပြုကြသည်။

အကြံပြုချက်

ထို့နောက် မွန်းလွဲ ၂ နာရီတွင် သာယာအေးခန်းမ၌ ဆက်လက်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က အမှာစကားပြောကြားပြီး ကဏ္ဍအလိုက် ရေးရာတာဝန်ခံများက အစုအဖွဲ့အလိုက် အဆိုတင်သွင်း အကြံပြုချက်များကို ပြန်လည်ရှင်းလင်း ပြောကြားသည်။

ပူဇော်ကန်တော့

ဆက်လက်ပြီး ဆုချီးမြှင့်ပွဲကျင်းပရာ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ငါးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ နှစ်ဘာသာဂုဏ်ထူးနှင့် အသင်းတာဝန်ကျေပွန်သူ တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးနှင့် အသင်းတာဝန်ကျေပွန်သူတစ်ဦး၊ စီမံရေးရာနှင့် လူမှုယဉ်ကျေးရေးရာ တတိယဆုများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြပြီး **(အောက်ပုံ)** မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အစီအစဉ်ဖြင့် ဖွင့်လှစ်သော ဖြိုးစေတနာ အခမဲ့စာသင်ဝိုင်းတွင် သင်ကြားပေးသော ဆရာ ဆရာမ ၂၀ တို့အား ကျောင်းသား ကျောင်းသူများက ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



ဟင်းသီးဟင်းရွက်များ ဓာတ်မြေသြဇာမရှိရေး ကွင်းဆင်းဆောင်ရွက်

သီပေါ စက်တင်ဘာ ၁

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပုံကျဈေးကြီးအတွင်း ရောင်းချသော ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများတွင် ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာ ပါဝင်မှုမရှိစေရေးအတွက် ဩဂုတ် ၁၀ ရက်က သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးခင်မောင်ဝင်းနှင့် အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဝန်ထမ်းများ စုပေါင်း၍ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မိုးရာသီသွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဩဂုတ်၁၄ရက်က မြို့ပေါ်ရှိ စာသင်ကျောင်းများ၊ အဖွဲ့ပိုင်ဈေးများ၊ ရပ်ကွက်များအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဒုတိယဦးစီးမှူး(အခွန်) ဦးအောင်ကျော်စိုးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမြတ်သူတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၃၂၇)

နိုင်ငံတကာအဆင့်မီသင်တန်းတစ်ခုခုတော့တက်ထားမှဖြစ်မည်ဟု စိတ်ကူးရှိသူများ
အင်္ဂလိပ်စာနှင့် စကားပြောကိုပီပီပြင်ပြင်တတ်အောင် အရင်သင်ထားသင့်သည်။
P.E.S. SINCE 1989
PRACTICAL ENGLISH SPEAKING
U WIN MAW(RESEARCH)
36 % Discount 516503 503984
(from14-9-07 to18-9-07)
အမှတ်(၁၈)၊ရတနာလမ်း၊စမ်းချောင်းမြို့နယ်၊မြေနီကုန်း၊ ရန်ကုန်မြို့။

ဖြောင့်စင်းအိတုန်နေသောဆံကေသာ...
ဒဏ္ဍာရီ
▲ ဆံပင်ဖြောင့်(30000/-Ks)တန်
Discount(15000/- Ks)
▲ ဇက်ပြန်ဆွဲရန်မလိုပါ။
အထူးဆံပင်ဖြောင့်ဆိုင်
(၂ နှစ်အာမခံပါသည်။)
▲ ဗယောင်းတုန် ဆေးထည့်သွင်း အသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေပါသည်။
▪ အမှတ်(၁၁၄၊ ၁၁၆)မြေညီ၊ ၄၆ လမ်းအထက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
▪ ရွှေတိဂုံဘုရားလမ်းနှင့် ဦးဝိစာရလမ်းထောင့်၊ အုံ့ပန်းခြံအတွင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

တောင်သာမြို့နယ်အသင်း(ရန်ကုန်)

၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်သောအသင်းဝင်များ၏ သားသမီးတို့ကို ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်ပါသည်။ မိမိနှင့်နီးစပ်သောအမှုဆောင်များနှင့် အောက်ဖော်ပြပါလိပ်စာများသို့ အမှတ်စာရင်းမိတ္တူနှင့်သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်မိတ္တူများတင်ပြ၍ (၃၁–၁၀–၂၀၀၇) ရက်အတွင်း လျှောက်ထားနိုင်ပါသည်။ ဒေါက်တာခင်မောင်ဆွေ၊အမှတ်–၁၀၊လမ်းဆက်လမ်း၊တာမွေစာတိုက်၊တာမွေမြို့နယ်။ဦးသန်းအောင်၊အမှတ်–၃၅၊အိမ်ကြီးလမ်း၊ရွှေကျော်၊ပုဇွန်တောင်မြို့နယ်၊ ဖုန်း – ၂၉၀၉၁၅။ ဦးလူမော်၊ အမှတ်–၁၄၄/B၊ဧလ္ဘာ၊လမ်း၅၀၊ပုဇွန်တောင်မြို့နယ်၊ ဖုန်း–၂၀၀၈၂၆။ဦးအောင်သောင်း၊အမှတ်–၁၃၊ရတနာလမ်း၊၃ရပ်ကွက်၊ကမာရွတ်မြို့နယ် ၊ ဖုန်း – ၅၀၅၅၀၂။

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
တော်သလင်းလဆန်း ၆ ရက်
၁၇–၉–၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၁၀း၀၀ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် (ခေတ်ဟောင်း/ကာလပေါ်တေး)
၁၁း၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (ပြည်ပသွင်းကုန်အစားထိုး ကိုယ်တိုက်ဆပ်ပြာမျိုးစုံ ထုတ်လုပ်မှုအကြောင်း)
၁၁း၄၀ သုတစုံစွာသိမှတ်စရာ (အထွေထွေသိကောင်းစရာ တချို့–သိပ္ပံမှူးတင်)
၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ(ပြည်တွင်း)
၁၂း၂၅ အားကစားသတင်းပဒေသာ
၁၂း၃၅ **(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် (မဟာဂီတသီချင်းကြီးများ)**
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (တတိယတန်း–အခြေခံသိပ္ပံ–အပူရရှိရန်လိုအပ်သော ပစ္စည်းများ)

ညနေပိုင်း

၁၆း၁၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
(၁) တောပန်းငွေစံပယ် (ဟသ်ာတထွန်းရင်)
(၂) ပျိုလေးတို့ရွာတန်းရှည် (သင်းသင်းမြတ်)
(၃) ဒီရွာသူနဲ့ ဒီရွာသား (တွံတေးသိန်းတန်)
၁၆း၃၀ အနုပညာရှင်များနှင့် ဆွေးနွေးခန်း (ရုပ်ရှင်၊ ဗီဒီယိုနှင့် ကြော်ငြာ သရုပ်ဆောင် နေတိုးနှင့် သဇ္ဈာဝင့်ကျော်)
၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ဂရုဓမ္မအခါတော်နေ့ အိကြည်ဇင်)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝံ ဦးဘုန်းမြင့်)
၁၉း၁၅ ဆိုင်းပဒေသာ (နေမျိုးဗလကျော်သူ ဘွဲ့ရ ဆရာကြီးစိန်ဗေဒါ၊ အလင်္ကာကျော်စွာ ဆရာကြီးဦးဟန်ပဆိုင်း၊ အလင်္ကာကျော်စွာ ဆရာကြီး ဦးဘမောင်ဆိုင်း)
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မျက်လုံးဖွင့်ပြီးအိပ်ကြည့်ပါ (ဂီတာဖေဝင်း)
(၂) စပယ်ပွင့်ပြီမောင် (ကြည်ကြည်ဝင်း)
(၃) ငြင်းပယ်မှာပဲစိုးမိတယ် (ကိုသန်းလှိုင်)

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ် ၄၅

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။	**နှင့်**	၁။ ဒေါ်ပု ၂။ ဦးဝင်းသိန်း(သား)
တရားနိုင်		**တရားရှုံး**

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၁၁၄ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၆ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် သီတင်းကျွတ်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက်ရှိ အကွက်အမှတ်(၁/ပြည်သာယာမြောက်) ဦးပိုင်အမှတ်၊ မြေကွက်အမှတ် (၁၀၈)မြေချိန်ဧရိယာ (၀ဒသမ၀၃၈)ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၂၇ x ၂၂) ပေရှိ လူနေတစ်ထပ်တိုက်၊ (၉ x ၇)ပေရှိ မီးဖိုချောင်၊ (၁၀ x၆)ပေရှိ ရေချိုးခန်း။

လေလံကြမ်းခင်းဈေးကျပ် ၄၃သိန်း

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များ အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့် အတိုင်းရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် စက်တင်ဘာ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးတင့်
ခရိုင်တရားသူကြီး
မိတ္ထီလာမြို့။

အနေးယာဉ်များစစ်ဆေး

အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (အခွန်) ဦးစန်းလွင် ဦးစီး၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် စက်တင်ဘာ ၅ရက်က မြို့နယ်အတွင်း အနေးယာဉ်များ စည်းကမ်းတကျရှိစေရန်အတွက် စစ်ဆေးမှုများ ဆောင်ရွက်ကြစဉ်။ (၀၇၄)

မုံရွာခရိုင် ယင်းမာပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးရှေ့တွင် ဩဂုတ် ၂၇ ရက်က ဈေးတာဝန်ခံ ဦးကျော့မောင်မောင်ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြေယာရှုခင်း အလှပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဝင်းဇော် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဖေမြင့်
စီးပွားရေးတွေးခေါ်ရှင်များ
စာအုပ်သစ် ထွက်ပြီ

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။ ဆရာဝန် (M.B.B.S)	(၁)ဦး		အတွေ့အကြုံ (၃)နှစ်
၂။ Engineer B.E (EC)(EP)	(၁)ဦး		အတွေ့အကြုံ (၃)နှစ်
၃။ သိုလှောင်ရုံမှူး	(၁)ဦး	(ဘွဲ့ရ)	အတွေ့အကြုံ (၃)နှစ်
၄။ စာရင်းစစ် B.Com, C.P.A, L.C.C.I (III)	(၁)ဦး		အတွေ့အကြုံ (၂)နှစ်
၅။ စာရင်းကိုင် B.Com, B.A(Eco), L.C.C.I (III)	(၁)ဦး		Computerized Accounting

အလုပ်သမားမှတ်ပုံတင်ပါရှိရမည်။

ရီရှင်းကုမ္ပဏီလီမိတက် (၆၃/၆၄)ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်။ ဖုန်း–၂၂၂၉၆၉၊ ၂၂၃၅၇၉။

အထွေထွေကိုယ်စားလှယ်စာရုပ်သိမ်းခြင်း

ကျွန်ုပ်၏အမှုသည် ဒေါ်သန်းမွေး ၁၂/ဥကတ(နိုင်)၁၁၁၅၂၄မှ ဦးအောင်ဝင်း(ခ)အောင်အောင် ၉/တကန(နိုင်)၀၉၅၃၅၄ အား မှတ်ပုံတင်အမှတ်–၆၈၀၃ ဖြင့် ၂၄–၇–၂၀၀၇ ရက်က အထွေထွေကိုယ်စား လွှဲအပ်ထားခြင်းကိုလည်းကောင်း၊ ဦးအောင်ဝင်း(ခ)အောင်အောင်နှင့် ကျွန်ုပ်၏အမှုသည် ဒေါ်သန်းမွေးတို့တွဲဖက်၍ ၂၄–၇–၂၀၀၇ ရက်က မှတ်ပုံတင်အမှတ်–၆၈၀၄ ဖြင့် ဦးခင်မောင်စိုး ၁၂/အစန(နိုင်)၀၈၄၉၅၂၊ ဦးမောင်မောင်သန်း ၁၂/ဥကတ(နိုင်)၁၂၅၁၃၁ တို့အား အထွေထွေကိုယ်စားလှယ်စာ လွှဲအပ်ထားခြင်းကိုလည်းကောင်း ကြေညာသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပါကြောင်း။

ဒေါ်သန်းမွေး၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးမြင့်သောင်း အယ်လ်အယ်လ်ဘီ
တရားရုံးချုပ်ရှေ့နေ (၂၅၃၂)
အမှတ် ၅၅၊ ဒုတိယထပ်၊ အခန်း ၅
မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် (၁၁–ဗီ) မြေကွက်အမှတ် (၁၅၃) ဧရိယာအကျယ်အဝန်း ၀ဒသမ၀၂၆ဧကရှိ နှစ်၉၀ဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၄၃) လမ်း၁၃၀၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမွေဆက်ခံပိုင်ဆိုင်သူများ ဖြစ်ကြသော ဒေါ်တင်တင်ညွန့် ၁၂/တမန(နိုင်)၀၄၉၂၁၈၊ ဒေါ်တင်မေညွန့် ၁၂/မဂတ(နိုင်)၀၁၂၉၆၃၊ ဒေါ်တင်တင်ဝင်း ၁၂/မဂတ(နိုင်)၀၁၃၃၁၉တို့ထံမှ ဦးဝင်းထိန် ၁၂/မဂတ(နိုင်)၀၇၉၃၅၁နှင့် ဒေါ်လှရင် ၁၂/မဂတ(နိုင်)၀၁၅၁၇၂တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စအပေါ် ပိုင်ရေးပိုင်ခွင့်၊ဆိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက် အထားများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးချစ်လွင်(Advocate)
B.Com(A.A) D.E.P;R.L.
တရားရုံးချုပ်ရှေ့နေ(၂၈၅၉)
အမှတ်(၁၉) ၁၂၇လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း–၂၉၇၈၃၀။

ကွယ်လွန်သူ အယ်(လ်)စီချို (ခ) ဦးချို၏ပစ္စည်းအား ရောင်းချခြင်း၊ အမည်ပြောင်းခြင်းအတွက် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ–၃၀၇ (၁) (၂) (က)အရ ခွင့်ပြုပါရန် လျှောက်ထားကြောင်း

အကြောင်းကြားစာ

ရန်ကုန်တိုင်းတရားရုံး
၂၀၀၆ခုနှစ် တရားမအထွေထွေမှုအမှတ်–၈၁

ဒေါ်စန်းရီ(ခ)ရူအင်တီ **လျှောက်ထားသူ**

(ကွယ်လွန်သူ အယ်(လ်)စီချို(ခ)ဦးချို၏ ကျန်ရစ်သောပစ္စည်းများနှင့် ပတ်သက်သော အမှုအရေးတွင် သက်ဆိုင်သူများကို သိစေလိုက်သည်။)

အထက်အမည်ပါ လျှောက်ထားသူအား ကွယ်လွန်သူ အယ်(လ်)စီချို (ခ) ဦးချို၏ ကျန်ရှိသော ပစ္စည်းနှင့်ပတ်သက်၍ အမွေထိန်းလက်မှတ်ကို ၁၅–၈–၂၀၀၇ရက်တွင် ထုတ်ပေးပြီး ဖြစ်ပါကြောင်းနှင့် လျှောက်ထားသူမှ ၂–၉–၁၉၇၃ ရက်တွင် ကွယ်လွန်သူ အယ်(လ်)စီချို (ခ)ဦးချို၏ ကျန်ရစ်သော ပစ္စည်းအပေါ် ရောင်းချခြင်း၊ အမည်ပြောင်းခြင်း၊ စီမံခန့်ခွဲခွင့်တို့ ပြုလုပ်နိုင်ရန်အတွက် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၃၀၇(၁)(၂)(က)အရ လျှောက်ထားလာ၍ ၎င်းလျှောက်လွှာကို ၂၀၀၇ခုနှစ် အောက်တိုဘာ ၃ ရက်၊ (၁၃၆၉ခုနှစ် တော်သလင်းလပြည့်ကျော် ၇ ရက်) နံနက် ၁၀ နာရီတွင် ကြားနာစစ်ဆေးရန် ချိန်းဆိုထားကြောင်းနှင့်ဆိုခဲ့သော ကွယ်လွန်သူ အယ်(လ်)စီချို (ခ) ဦးချို၏ ပစ္စည်းအရေးကိစ္စတွင် ပတ်သက်သူ မည်သူမဆို အထက်ဖော်ပြပါ ရုံးချိန်းရက်၌ ဤရုံးသို့လာရောက်ကန့်ကွက် လျှောက်ထားနိုင်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

၂၀၀၇ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

မောင်မောင်ရွှေ
တွဲဖက်တိုင်းတရားသူကြီး(၁၀)
ရန်ကုန်တိုင်းတရားရုံး။

မြန်မာနိုင်ငံကြက်ခြေနီအသင်း

အမှတ်(၄၇)၊ သီရိမွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းနှင့် ပါရမီလမ်းထောင့်၊ လှိုင်မြို့နယ်

ချိပ်ပိတ်တင်ဒါ (Sealed Tenders) ခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tenders) များကိုပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	အကာအကွယ်သုံးဝတ်စုံ	၁၄၇၇
(၂)	ရော်ဘာလက်အိတ်	၁၄၇၇
(၃)	ရော်ဘာဖိနပ်လည်ရှည်	၁၄၇၇
(၄)	အကာအကွယ်မျက်မှန် (Goggles)	၁၄၇၇

၂။ ၂၇–၉–၂၀၀၇ရက် ၁၆း၀၀နာရီတွင် တင်ဒါပိတ်မည်။ ပစ္စည်းနမူနာများကို ရုံးချိန်အတွင်း လာရောက်ကြည့်ရှုပြီး တင်ဒါစည်းကမ်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင် လာရောက် ဝယ်ယူနိုင်ပါသည်။ တင်သွင်းရမည့်လိပ်စာမှာ မြန်မာနိုင်ငံကြက်ခြေနီအသင်း အမှတ်(၄၇)၊ သီရိမွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းနှင့် ပါရမီလမ်းထောင့်၊ လှိုင်မြို့နယ်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက အထက်ပါလိပ်စာသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၆၈၂၆၀၀(သို့မဟုတ်) ၆၈၂၃၆၈၊ ၆၈၃၂၂၅ လိုင်းခွဲအမှတ်–၁၀၂၊ ၁၀၆၊ ၁၀၈များသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။ **ပစ္စည်းဝယ်ယူရေးအဖွဲ့။**

ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
ရန်ကုန်တိုင်းတရားရုံး တွဲဖက်တိုင်းတရားသူကြီး(၅)ရုံးတော်၌
၂၀၀၁ ခုနှစ် တရားမဇာရီမှုအမှတ်–၉၉

ဖက်စပ်ကော်ပိုရေးရှင်း(၆)လီမိတက် (ဖျက်သိမ်းဆဲ) (စာရင်းရှင်းလင်းရေးအဖွဲ့ ကိုယ်စား ဒေါ်ခင်ထားရီ အမှုဆောင်အရာရှိချုပ်)	**နှင့်**	ဦးမောင်မောင်ကျော်
ဒီကရီရရှိသူ		**တရားရှုံး**

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ်–၂၀၃ တွင် ၂၂–၆–၂၀၀၁ ရက်က ချမှတ်ခဲ့သော ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၅ ရက်၊ (၁၃၆၉ ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာနေရာ၌ လေလံတင်ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့လေလံတင်ရောင်းချမည်ဖြစ်၍ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာလိုက်သည်။

ပစ္စည်းစာရင်း

၁။ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်–၂၆ (သမိုင်း)၊ မြေကွက်အမှတ်– ၅၄/က၁၏ မူလရှိဧရိယာ ၀ ဒသမ ၄၁၉ ဧကအနက်မှ မခွဲမစိတ်ရသေးသည့် မြေပုံပေါ်တွင် "အေ"အမှတ်ပြ ၀ ဒသမ ၁၂၅ဧက။
၂။ မြေတိုင်းရပ်ကွက်အမှတ်–၂၇ (သမိုင်း)၊ မြေကွက်အမှတ်–၇/စ၅ မြေပုံပေါ်တွင် "ဘီ" အမှတ်ပြမူလရှိဧရိယာ ၀ ဒသမ ၀၂၂ဧက။
၃။ မြေတိုင်းရပ်ကွက်အမှတ်–၂၇ (သမိုင်း)၊ မြေကွက်အမှတ်–၇/စ၆၏ မူလရှိဧရိယာ ၀ ဒသမ ၇၅၂ဧကအနက်မှ မခွဲမစိတ်ရသေးသည့် မြေပုံပေါ်တွင် "စီ" အမှတ်ပြ ၀ဒသမ ၄၀၂ဧက။
၄။ မြေတိုင်းရပ်ကွက်အမှတ်–၂၇ (သမိုင်း)၊ မြေကွက်အမှတ်–၇/စ၃၏ မူလရှိဧရိယာ ၀ ဒသမ ၁၆၃ဧကအနက်မှ မခွဲမစိတ်ရသေးသည့် မြေပုံပေါ်တွင် "ဒီ" အမှတ်ပြ ၀ဒသမ ၀၈၇ဧက။
၅။ မြေတိုင်းရပ်ကွက်အမှတ်–၂၇ (သမိုင်း)၊ မြေကွက်အမှတ်–၇/စ၃၏ မူလရှိဧရိယာ ၀ ဒသမ ၂၁၄ဧကအနက်မှ မခွဲမစိတ်ရသေးသည့် မြေပုံပေါ်တွင် "အီး" အမှတ်ပြ ၀ဒသမ ၀၃၀ဧက။
၆။ မြေတိုင်းရပ်ကွက်အမှတ်–၂၇ (သမိုင်း)၊ မြေကွက်အမှတ်–၇/စ၂၏ မူလရှိဧရိယာ ၀ ဒသမ ၃၀၅ ဧကအနက်မှ မခွဲမစိတ်ရသေးသည့် မြေပုံပေါ်တွင် "အက်ဖ်" အမှတ်ပြ ၀ဒသမ ၀၅၀ဧက။
၇။ မြေတိုင်းရပ်ကွက်အမှတ်–၂၇ (သမိုင်း)၊ မြေကွက်အမှတ်–၇/ခ၃၏ မူလရှိဧရိယာ ၀ ဒသမ ၁၅၈ ဧကအနက်မှ မခွဲမစိတ်ရသေးသည့် မြေပုံပေါ်တွင် "အက်ဖ်" အမှတ်ပြ ၀ဒသမ ၀၀၅ဧက။
၈။ မြေတိုင်းရပ်ကွက်အမှတ်–၂၇ (သမိုင်း)၊ မြေကွက်အမှတ်–၇/၄ရှိ မြေပုံပေါ်တွင် "အိပ်ချ်" အမှတ်ပြ မူလရှိဧရိယာ ၀ဒသမ ၂၅၈ဧက။
၉။ မြေတိုင်းရပ်ကွက်အမှတ်–၂၇ (သမိုင်း)၊ မြေကွက်အမှတ်–၇/စ၇ရှိ မြေပုံပေါ်တွင် "အိုင်" အမှတ်ပြ မူလရှိဧရိယာ ၀ဒသမ ၀၈၁ဧက။
၁၀။ မြေတိုင်းရပ်ကွက်အမှတ်–၂၇ (သမိုင်း)၊ မြေကွက်အမှတ်–၇/စ၉ရှိ မြေပုံပေါ်တွင် "ဂျေ" အမှတ်ပြ မူလရှိဧရိယာ ၀ ဒသမ ၀၇၈ဧကရှိ မြေပိုင်မြေနှင့်ယင်းမြေပေါ်ရှိ အမှတ် (၃)၊ ရွှေပုဇွန်ဆီစက်လမ်း၊ မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ဟု ခေါ်တွင်သော အဆောက်အအုံများအားလုံး။

တရားရှုံးများနေထိုင်လျက်ရှိသည်။

ကြမ်းခင်းဈေး ကျပ်သိန်း ၆၅၀၀

ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်း ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင် ရောင်းချလိမ့်မည်။
၅။ လေလံတင်ရောင်းချခြင်းကို တရားမကျင့်ထုံး ကိုခဥပဒေ အမိန့်–၂၁၊ နည်းဥပဒေ–၆၉ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြုလျက် ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။
၇။ အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင် ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

ဒေါ်ခင်သင်းဝေ
တွဲဖက်တိုင်းတရားသူကြီး(၅)
ရန်ကုန်တိုင်းတရားရုံး။

အထွက်နှုန်းကောင်းပြီး စီးပွားရေးတွက်ခြေကိုက်သည့် ဆင်းရွှေလီကြံမျိုး အရှိန်အဟုန်တိုးမြှင့်စိုက်ပျိုး သိပ္ပံနည်းကျ ခေတ်မီစိုက်ပျိုးနည်းစနစ်သော့ချက်များဖြင့် စံပြစိုက်ခင်းကြီးများတည်ထောင်

နေပြည်တော် စက်တင်ဘာ ၁၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်သည် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၁၄ရက် မွန်းလွဲ ၁နာရီတွင် တပ်ကုန်းတပ်နယ်ရှိ နယ်မြေခံတပ်ရင်း၌ စိုက်ပျိုးထားရှိသော ဆင်းရွှေလီကြံ ပျမ်းမျှတစ်ဧက တန်၅၀ စံပြသုတေသန ၁၀ဧကစိုက်ခင်းသို့ ရောက်ရှိကာ အထွက်တိုးကြံမျိုး ကျယ်ပြန့်စွာတိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✳

ဆင်းရွှေလီကြံ စံပြသုတေသနစိုက်ခင်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင် တပ်ကုန်းတပ်နယ် ဆင်းရွှေလီကြံ ပျမ်းမျှတစ်ဧက တန် ၅၀ စံပြသုတေသန ၁၀ဧက စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အာဟာရကျွေးမွေးပြီး စောင့်ရှောက်သည့်လုပ်ငန်းများမြှင့်တင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ဟန်ချက်ညီညီအကောင်အထည်ဖော်

နေပြည်တော် စက်တင်ဘာ ၁၅

ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ *စာမျက်နှာ ၃ ကော်လံ ၃* ❐

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ခရီးသွားလာရာတွင် ငွေကုန်ကြေးကျသက်သာမှု၊ လုံခြုံမှုနှင့် အဆင်ပြေမှုအရှိဆုံးမှာ မီးရထားဖြင့် ခရီးသွားလာခြင်းပင်ဖြစ်၊ ခရီးသည်များအတွက် သက်သောင့်သက်သာရှိပြီး ဘေးအန္တရာယ်ကင်းရှင်းမှုများကြောင့် ခေတ်အဆက်ဆက် ခရီးသွားပြည်သူများသည် မီးရထားကို အားကိုးစီးနင်းလာကြ။

အောင် (မြန်မာ့မီးရထား)၏ ဆောင်းပါး စာမျက်နှာ (၄ နှင့် ၅) တို့တွင် ဖတ်ရှုနိုင်ပါသည်။

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နိုဝင်ဘာလအတွင်း ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီတို့သည် ၂၀၀၇ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲကို ၂၀၀၇ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် သင့်လျော်မည့် အခြေခံရောင်းဈေး သတ်မှတ်သည့် ကျောက်မျက်ရတနာများကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြမည်ဖြစ်၍ နိုင်ငံသား ကျောက်မျက်လုပ်ငန်းရှင်များအနေဖြင့် ရောင်းရငွေများ တိုးတက်ရရှိမည် ဖြစ်သည်။ ရတနာကုန်သည်များသည် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို ဝယ်ယူမှုများပြားသဖြင့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်လျော်သည့် အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ် တင်ပြရောင်းချရန် အထူးလိုအပ်ပေသည်။

ညှိနှိုင်း

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ယခင်ကျောက်မျက်ရတနာပြပွဲများနည်းတူ ရောင်းရငွေများ အမြန်ရရှိရေး၊ ပြည်ပတင်ပို့ရေး၊ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export Earning) အဖြစ် သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်သည်။ *စာမျက်နှာ ၁၄ ကော်လံ ၁* ■